ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်၊ သောကြာနေ့၊ (17-2-2006) (၄၈၇၄)

အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ မကြာမီအတွင်း ချစ်ကြည်ရေးခရီးလာရောက်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီ ဟယ်ယာဝါတီတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။ (သတင်းစဉ်)





ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း ပင်မတမံ ကွန်ကရစ် စတင်သွန်းလောင်းခြင်း အခမ်းအနား ကျင်းပ ပင်မတမံကွန်ကရစ် သွန်းလောင်းခြင်းလုပ်ငန်းကို အပိုင်း ၁၃ ပိုင်း ခွဲခြား၍ သွန်းလောင်းမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မန္တလေးတိုင်း ရဲရွာရေအားလျှပ်စစ်စီမံကိန်း ပင်မတမံ(အာရ်စီစီ) ကွန်ကရစ် စတင်သွန်းလောင်းခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၉ နာရီက ရဲရွာရေအားလျှပ်စစ်စီမံကိန်း ပင်မတမံ အနီး မုခ်ဦး၌ ကျင်းပရာ အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘင်ခရာတီးဝိုင်းနှင့် အကအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် ရဲရွာရေအားလျှပ်စစ်စီမံကိန်း ပင်မတမံ RCC ကွန်ကရစ်စတင်သွန်းလောင်းခြင်း အခမ်းအနားတွင် ကွန်ကရစ်စတင်သွန်းလောင်းရန်အတွက် Vaccun Chute Happer Shutter အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

(အပေါ်ပုံ) (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✻ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် ကြက်ဆူပင်စံပြစိုက်ခင်းများ စစ်ဆေး ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက် အမှာစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် ဖေဖော်ဝါရီ ၁၃ ရက် နံနက်ပိုင်းက တိုင်းစစ်ဌာနချုပ်၏ ကြက်ဆူပင် မျိုးသန့်မျိုးပွား သုတေသနစိုက်ခင်းအနီး ထပ်မံရောက်ရှိလာသော ကြက်ဆူကိုင်းပျိုးပင်များ ကြည့်ရှုအားပေးကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ရန်အောင်မြင် တပ်ဦးစေတီတော်အနီး တိုင်းစစ်ဌာနချုပ်၏ ကြက်ဆူပင် မျိုးကောင်းမျိုးသန့် မျိုးပွားစံပြကေ ၁၀၀ စိုက်ခင်းအတွင်း ကြက်ဆူပျိုးပင်များအခြေအနေနှင့် စစ်သည်များ

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ●

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၇-၂-၂၀၀၆
(သောကြာနေ့)

ရာသက်ပန်ဥမကွဲသိုက်မပျက် အတူယှဉ်တွဲနေထိုင် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ခိုင်ခိုင်မြဲမြဲလက်တွဲကြိုးပမ်း

မြန်မာနိုင်ငံသည် ပြည်ထောင်စုဖွား တိုင်းရင်းသားများဖြင့် ပေါင်းစည်းယှက်နွယ် နေထိုင်လျက်ရှိသောနိုင်ငံဖြစ်သည်။ ပြည်ထောင်စု တိုင်းရင်းသားများသည် နှစ်ပေါင်းထောင်ချီသည့် သမိုင်းစဉ်တစ်လျှောက် အတူတကွ ရင်းနှီးချစ်ကြည် စည်းလုံးညီညွတ်စွာ နေထိုင်လာခဲ့ကြသည်။ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် အစဉ်အမြဲ လက်တွဲ ကာကွယ်ထိန်းသိမ်းလျက်ရှိသည်။

ယင်းသို့ တိုင်းရင်းသားအားလုံး ပေါင်းစည်းနေထိုင်လျက်ရှိခြင်း၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ဥမကွဲသိုက်မပျက် အပြန်အလှန် စာနာနားလည်မှုဖြင့် ချစ်ချစ်ခင်ခင် နေထိုင်လာကြခြင်းသည် ပြည်ထောင်စုစိတ်ဓာတ် အရင်းခံရှင်သန်နေခြင်း ကြောင့်ပင်ဖြစ်သည်။

တစ်နည်းအားဖြင့် တိုင်းရင်းသားလူမျိုးများအကြား တစ်ဦးနှင့် တစ်ဦး လေးစားယုံကြည်မှုရှိခြင်း၊ မိမိတို့ ယုံကြည်ရာ ကိုးကွယ်ခွင့် ရှိခြင်း၊ မိမိနှစ်ခြိုက်ရာ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက် အစဉ်အလာ ကောင်းများကို ထိန်းသိမ်းနေကြခြင်းတို့သည် နိုင်ငံတော်၏ ယဉ်ကျေးမှု အဆင့်အတန်းမြင့်မားပြီး ညီညွတ်မျှတသည့် လူ့ဘောင်အဖွဲ့အစည်း တည်ထောင်ထားနိုင်သော အမျိုးသားရေးစွမ်းရည်ကို ဖော်ပြနေခြင်းဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ အင်အားသုံးရပ် စွမ်းပကားဖြင့် လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်လျက် ရှိရာနိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီဖြစ်သည်။

နိုင်ငံတော်တွင် အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာနေသည်ကို မရှုဆိတ်နိုင်သည့် အဖျက်သမားများက နိုင်ငံတော် အေးချမ်းသာယာမှုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားစေရန် နည်းအမျိုးမျိုးဖြင့် သွေးခွဲသပ်လျှို လုပ်ကြံဖန်တီးနေကြသည်။ ယင်းသို့သော အချိန်အခါမျိုးတွင် တစ်မျိုးသားလုံးက ကျစ်လျစ်ခိုင်မာသော စည်းလုံးညီညွတ်မှုအင်အားဖြင့် ရင်ဆိုင်တွန်းလှန်ပြီး မိမိနိုင်ငံနှင့်လူမျိုး တိုးတက်ကြီးပွားစေရန် အင်ပြည့်အားပြည့် အားထုတ်ကြရမည်ဖြစ်သည်။ သူတစ်ပါး ဩဇာလောင်းရိပ် ကင်းရှင်းစွာဖြင့် နိုင်ငံတကာအလယ်တွင် တင့်တင့်တယ်တယ် ရင်ပေါင်တန်းရပ်တည်နိုင်စေရန် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းကြရမည်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တည်ငြိမ်အေးချမ်းသာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ တည်တံ့ခိုင်မြဲမှုတို့သည် တိုင်းရင်းသား စည်းလုံးညီညွတ်မှုစွမ်းအား၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်မှုစွမ်းအားတို့အပေါ်၌ လုံးဝဥဿုံ တည်မှီလျက်ရှိသည်ကို တိုင်းရင်းသားလူမျိုးများအားလုံးက ခံယူထားကြရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုးရ၏ မှန်ကန်သော ဦးဆောင်မှုနှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရန် တည်ဆောက်လျက်ရှိသည်။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ်ကို ချမှတ်ဖော်ဆောင်လျက်ရှိသည်။

တိုင်းရင်းသားလူမျိုးများအကြား ငြိမ်းချမ်းသာယာမှုနှင့် ပေါင်းစည်းခိုင်မြဲမှု အစဉ်အလာကောင်းများ ထွန်းကားပြန့်ပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို မျှဝေခံစားနိုင်ရေးတို့အတွက် အာမခံနိုင်မည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ်သည် ပေါ်ထွန်းလာတော့မည်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက စည်းလုံးညီညွတ်မှု အစဉ်အလာကောင်းများနှင့်အညီ ရာသက်ပန် ဥမကွဲသိုက်မပျက် အတူယှဉ်တွဲနေထိုင်ကြရင်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တစည်းတလုံးတည်းသော ပြည်ထောင်စုစိတ်ဓာတ် အခြေခံဖြင့်တက်ညီလက်ညီ ခိုင်ခိုင်မြဲမြဲ လက်တွဲကြိုးပမ်း တည်ဆောက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်ထောင်စုနေ့ အစီအစဉ်

"တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲပါက လွတ်လပ်ရေးဆုံးရှုံးမည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားဖြင့် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် အရောက်ချီတက်ကြပါစို့"

မြန်မာနိုင်ငံ၌ ခြံစည်းရိုးကြက်ဆူပင်မှ ဇီဝဒီဇယ်ဆီ အောင်မြင်စွာ ထုတ်လုပ်နိုင်ပြီ

ခြံစည်းရိုးကြက်ဆူသီး အထွက်နှုန်းမြင့်မား ဇီဝဒီဇယ်ဆီတိုးပွား

ခြံစည်းရိုးကြက်ဆူပင် အပင် ၅၀မှ တစ်နှစ်လျှင် ဇီဝဒီဇယ်ဆီ လေးဂါလန်ရရှိပါမည်။ ထွန်ယက်စိုက်ပျိုးမှုအတွက် စက်သုံးဆီကို ပြင်ပမှ ဝယ်ယူရန်မလိုအပ်တော့သဖြင့် စက်သုံးဆီဖိုး သက်သာသွားမည်ဖြစ်ရာ သီးနှံမှရရှိသောဝင်ငွေ တိုးလာမည်ဖြစ်ပါသည်။

အပင်သက်တမ်း သုံးနှစ်အကြာတွင် စိုက်ခင်းတစ်ဧကလျှင် ဇီဝဒီဇယ်ဆီဂါလန် ၇၀ကျော် ရရှိမည်ဖြစ်သဖြင့် စိုက်ပျိုးထွန်ယက်ရေး အတွက် အသုံးပြုရန်အပြင် ပိုလျှံသမျှကို ရောင်းချနိုင်ပါမည်။

ခြံစည်းရိုးကြက်ဆူပင်မှ ဇီဝဒီဇယ်ဆီအထွက်နှုန်း

စဉ်	အကြောင်းအရာ	အထွက်နှုန်း
၁	**နှစ်နှစ်သားမှ ငါးနှစ်သား**	
	– တစ်ဧကလျှင်	၇၄ ဂါလန်
	– ဧကငါးသိန်းတွင်	ဂါလန် ၃၇ သန်း
၂	**ခြောက်နှစ်သားအထက်**	
	– တစ်ဧကလျှင်	ဂါလန်၁၀၀
	– ဧကငါးသိန်းတွင်	ဂါလန်သန်း ၅၀

အထောက်အကူပြု

ခြံစည်းရိုးကြက်ဆူပင်ကို တိုင်း၊ ခရိုင်၊ မြို့နယ်အလိုက် စိုက်ပျိုးကြခြင်းဖြင့် ဇီဝဒီဇယ်ဆီ ဂါလန်သန်းပေါင်းများစွာ ရရှိပြီး စိုက်ပျိုးထုတ်လုပ်မှုအတွက် ဝယ်ယူရမည့် စက်သုံးဆီဖိုးသက်သာခြင်း၊ ပိုလျှံ၍ ရောင်းချမှုမှ ဝင်ငွေတိုးပွားကာ လူမှုဘဝ မြင့်မားတိုးတက်လာခြင်း အပြင် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း များစွာအထောက်အကူပြုလာမည် ဖြစ်ပါသည်။

ထွက်ရှိမှု

ခြံစည်းရိုးကြက်ဆူပင်မှ ဧကအလိုက်၊ သက်တမ်းအလိုက် ဇီဝဒီဇယ်ဆီထွက်ရှိမှုကို အထက်ဖော်ပြပါဇယားအတိုင်း တွေ့ရှိနိုင်သည်။ ။

ရန်ကုန်တိုင်း လှည်းကူးမြို့နယ်အတွင်း လူမှုရေးအသင်းအဖွဲ့များ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးကြစဉ်။

ကမာရွတ်မြို့နယ် ဘက်စုံထူးချွန်ဆုပေးပွဲကို အထက(၁)သင်္ဂြိုဟ်မြိုင်ခန်းမ၌ ဖေဖော်ဝါရီ ၁၁ရက်ကကျင်းပရာ ၂၀၀၅-၂၀၀၆ ပညာသင်နှစ်တွင် ခရိုင်အဆင့် စာစီစာကုံးတတိယဆု၊ မြို့နယ်အဆင့် စာစီစာကုံး ပထမဆု၊ ဒုတိယဆုသုံးဆု၊ တတိယတန်း မြန်မာစာထူးချွန်ဆု၊ ကျောင်းလုပ်ငန်း တတိယဆု ခုနစ်ဆုရရှိသည့် အမက(၄)ကမာရွတ်မှ မနှင်းအိလှိုင်ဝေဝင်းအား လက်ထောက်မြို့နယ် ပညာရေးမှူး ဦးငြိမ်းရွှေ ဆုချီးမြှင့်စဉ်။ (ပညာရေး)

ကွယ်လွန်သူ ဦးဟံညွန့်-ဒေါ်လှကြည်နှင့် ဇနီး ဒေါ်ခင်မြတ်ကြည်တို့အား ရည်စူး၍ တောင်ဥက္ကလာပမြို့နယ် (၁၀)ရပ်ကွက် လမ်း(၃၀)နေ ဦးမြင့်မောင် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ငွေကျပ်လေးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး (၁) ဦးသိန်းအောင် လက်ခံယူစဉ်။

(က-ပ)

* ရဲရွာမှ

အစိုးအစဥ်အရ ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်နှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ (စီဂျီဂျီစီ) ကုမ္ပဏီ Vice President တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးမျိုးမြင့်က အာရ်စီစီကွန်ကရစ် စတင်သွန်းလောင်းခြင်း အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် ဧည့်သည်တော်များက ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က မြန်မာနိုင်ငံ၏ ပထမဦးဆုံး အာရ်စီစီ ပင်မတမံသွန်းလောင်းရန်အတွက် (Vaccum Chute Hopper Shutter)ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဧည့်သည်တော်များနှင့်အတူ အာရ်စီစီ ပင်မတမံကွန်ကရစ် သွန်းလောင်းခြင်း လုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှု အားပေး၍ တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့က တာဝန်ရှိသူများအား လိုအပ်သည်များမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရဲရွာရေအားလျှပ်စစ် စီမံကိန်းသည် ပင်မရေလှောင်တမံ အလျား ၂၂၆၄ ပေ၊ အမြင့် ၄၃၃ ပေရှိ ကွန်ကရစ် တမံ အမျိုးအစား ဖြစ်၍ အဆိုပါ အာရ်စီစီ ပင်မတမံ သွန်းလောင်းခြင်း လုပ်ငန်းကို အပိုင်း ၁၃ ပိုင်း ခွဲခြား၍ သွန်းလောင်းမည်ဖြစ်ပြီး လုပ်ငန်းအပိုင်း(၁)ကို ယခု စတင်သွန်းလောင်း၍ လေးလကြာမြင့်မည်ဖြစ်ကြောင်းနှင့် အာရ်စီစီပင်မတမံတစ်ခုလုံး ကွန်ကရစ်သွန်းလောင်းခြင်း လုပ်ငန်းပြီးစီးရန် အချိန်ကာလ ၄၃ လ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ပင်မဓာတ်အားခွဲရုံ

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကျောက်ဆည် ပင်မဓာတ်အားခွဲရုံ(ဘီးလင်း) တည်ဆောက်မည့်နေရာသို့ သွားရောက်ရာ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း အင်ဂျင်နီယာချုပ် ဦးတင်အောင်နှင့် တာဝန်ရှိသူများက ကျောက်ဆည် ပင်မဓာတ်အားခွဲရုံ(ဘီးလင်း) တည်ဆောက်မည့် မြေနေရာရွေးချယ်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ ရဲရွာရေအားလျှပ်စစ် စီမံကိန်းနှင့် ကျောက်ဆည်သွား ကားလမ်းနှင့် စဉ့်ကိုင်မြို့နယ် မီးသွေးဘုတ်ကျေးရွာသို့ ဆက်သွယ်ဖောက်လုပ်ထားသည့် ခရိုင်ချင်းဆက် မြေသားလမ်း ဖောက်လုပ်မှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးရာ မန္တလေးတိုင်း စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကံလှက လိုက်ပါရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

မြေသားလမ်းဖောက်

အဆိုပါလမ်းမှာ ရဲရွာ–ကျောက်ဆည်ကားလမ်း၊ ရွှေလှဗိုလ်ကန်မှ စဉ့်ကိုင်မြို့နယ် မီးသွေးဘုတ်ကျေးရွာထိ တစ်မိုင် ငါးဖာလုံရှိပြီး မြေသားလမ်းအဖြစ် ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦး လာအိုနိုင်ငံမှ ပြန်လည်ရောက်ရှိ

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပသည့် မူးယစ်ဆေးဝါး ပပျောက်ရေး အမျိုးသားညီလာခံသို့ တက်ရောက်ခဲ့သည့် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။

(သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ဖေဖော်ဝါရီ ၁၄ ရက်တွင် ကျင်းပသည့် မူးယစ်ဆေးဝါး ပပျောက်ရေး အမျိုးသားညီလာခံသို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

ဝန်ကြီး ဗိုလ်ချုပ် မောင်ဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါ

အဆိုပါ ညီလာခံသို့ တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ မူးယစ်ဗဟိုနှင့် မူးယစ်ဆေးဝါး ပပျောက်ရေးဌာနဌာနမှူး ရဲမှူးကြီး ခမ်းအောင်လည်း ပြန်လည်လိုက်ပါလာသည်။

(သတင်းစဉ်)

ထိုမှတစ်ဆင့် တိုင်းမှူးသည် အေးရှားဝေါလ်ကုမ္ပဏီမှ တာဝန်ယူဖောက်လုပ်လျက်ရှိသော မြစ်ငယ်–ထူးဘို–ပြင်ဦးလွင်ဖြတ်လမ်း(ဒွေးလမ်း) ဖောက်လုပ်မှုလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

မှာကြားဖြည့်ဆည်း

ထို့နောက် တိုင်းမှူးသည် ရန်ကုန်–မန္တလေးကားလမ်း၊ မြစ်ငယ်–ထုံးဘို–ပြင်ဦးလွင်လမ်းခွဲအနီး၌ မန္တလေးမြို့အဝင် မုခ်ဦးတည်ဆောက်ရန် မြေနေရာရွေးချယ်ထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၏ လိုက်ပါရှင်းလင်းတင်ပြ ချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နော်ဝေးနိုင်ငံ သံအမတ်ကြီး ခန့်အပ်ရန်သဘောတူ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နော်ဝေးနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီး မစ္စစ်ရာဂျိန် ဘတ် လူးန်ဒ်၏ နေရာတွင် မစ္စစ် မီရက်(ထ်) ဂျဲလ်(ဒ်) ဘရက်တက်(စ်)အား ခန့်အပ်ရန် အဆိုပြုခြင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မစ္စစ် မီရက်(ထ်) ဂျဲလ်(ဒ်) ဘရက်တက်(စ်)သည် ၁၉၆၃ ခုနှစ်တွင် ဘာဂန်မြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၈၉ ခုနှစ်တွင် ဂလက်စကိုတက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် ၎င်းသည် နော်ဝေးနိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝင်ရောက်ခဲ့ပြီး ၁၉၉၂ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ ဗန်ကောက်မြို့နှင့် ပါရီမြို့များရှိ နော်ဝေးသံရုံးများ၌လည်းကောင်း၊ ၁၉၉၈ ခုနှစ် စက်တင်ဘာလမှ ၂၀၀၂ ခုနှစ်အထိ နော်ဝေးနိုင်ငံခြားရေးဝန်ကြီးဌာန၌ လည်းကောင်း ရာထူးတာဝန် အဆင့်ဆင့်ကို ထမ်းဆောင်ခဲ့ပြီး ၂၀၀၂ ခုနှစ် စက်တင်ဘာလမှ ၂၀၀၅ ခုနှစ် ဩဂုတ်လအထိ နော်ဝေးနိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံတကာရေးရာဌာန၌ ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စစ် မီရက်(ထ်) ဂျဲလ်(ဒ်) ဘရက်တက်(စ်)သည် ထိုင်းနိုင်ငံဆိုင်ရာ နော်ဝေးနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသည့် သံအမတ်ကြီးတစ်ဦးဖြစ်ပြီး ဗန်ကောက်မြို့၌ ရုံးစိုက်နေထိုင်လျက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နော်ဝေးနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည် ဖြစ်သည်။

၎င်းသည် အိမ်ထောင်သည် တစ်ဦးဖြစ်ပြီး သားသမီး နှစ်ဦးရှိသည်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၅/၆) ရပ်ကွက် သုတဘဏ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် နှစ်ပတ်လည်အခမ်းအနားနှင့် နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမျိုးညွှန့်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းနှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်ပြန်/ဆက်)

တောင်ဥက္ကလာပမြို့နယ် စာပေစာနယ်ဇင်းစည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

တောင်ဥက္ကလာပမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်မျက်နှာစုံညီ အစည်းအဝေးနှင့် အမှုဆောင်အဖွဲ့ ရွေးချယ်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် မွန်းတည့် ၁၂ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ မြင့်ဝင်းနီနှင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်တို့က အမှာစကား ပြောကြားပြီး အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို အတည်ပြုသည်။ ထို့နောက် ဥက္ကဋ္ဌမြင့်ဝင်းနီ၊ ဒုတိယဥက္ကဋ္ဌ ဥက္ကလာသိန်းစိုး၊ အတွင်းရေးမှူး မောင်မိုးလှိုင်(သစ္စာမြေ)တို့ ပါဝင်သည့် အမှုဆောင်အဖွဲ့ကိုရွေးချယ်သည်။ (၆၃)

ပေးအပ်လှူဒါန်း

ရေဝတီတိုင်း ငွေဆောင်ကမ်းခြေ Palm Beach Resort Hotel မိသားစုကိုယ်စား မန်နေဂျာဦးကြည်စိုးက ပုသိမ်မြို့ အမှတ်(၃)နယ်မြေ မဟာသိမ်တော်ကြီးလမ်း၊ ဧယျဝံသ ပရိယတ္တိစာသင်တိုက်အတွင်းရှိ ကရုဏာလူမှုကူညီရေးအသင်းသို့ အလှူငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းရာ အလုပ်အမှုဆောင် (သတင်း/ပြန်ကြား) ဦးဖိုးဇော်မြင့် လက်ခံယူစဉ်။ (က–ပ)

ပြည်ထောင်စုနေ့ပြပွဲ ကွန်ပျူတာပြိုင်ပွဲ ဆုရသူများဂုဏ်ပြု

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်မြို့ ဦးဝိစာရလမ်း၊ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသလျက်ရှိသော ပြည်ထောင်စုနေ့ပြပွဲ တွင် အမှတ်(၃) အခြေခံပညာဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် Soft Guide Computer Co., Ltd. ၏ အစီအစဉ်ဖြင့် အလယ်တန်းအဆင့် သင်ကြားမှုသင်ယူမှု အထောက်အကူပြု သင်ကြားခြင်းစွမ်းရည်ပြိုင်ပွဲ၌ အကောင်းဆုံးဆရာဆုနှင့် အကောင်းဆုံးကျောင်းသားကျောင်းသူဆု၊ ကွန်ပျူတာဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲ တွင် ဆုရရှိခဲ့သော အထက(သုဝဏ္ဏ)မှ အင်္ဂလိပ်စာဘာသာရပ်မှူး ဒေါ်စန်းစန်းအေး ခေါင်းဆောင်သော ဆရာမများနှင့် အဋ္ဌမတန်း ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲကို ယနေ့နံနက် ၁၀ နာရီတွင် အထက(သုဝဏ္ဏ) ကွန်ပျူတာခန်းမ၌ ကျင်းပရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်ဝေနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီမြင့်တို့က ဂုဏ်ပြုစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးထွန်းမင်းနှင့် အဋ္ဌမတန်း အတန်းစုမှူး ဒေါ်ယဉ်မြတို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ (ပညာရေး)

တရုတ်ပြည်လုပ်ပစ္စည်း ဝယ်ယူအသုံးပြုမှုကြောင့် အမေရိကန်အတွက် ဒေါ်လာဘီလီယံချီ၍ သက်သာစေခဲ့ဟုဆို

ပေကျင်း ဖေဖော်ဝါရီ ၁၅

တရုတ်ပြည်လုပ်ကုန်ပစ္စည်းများ ဝယ်ယူအသုံးပြုခြင်းဖြင့် အမေရိကန်ပြည်သူတို့အနေဖြင့် ဈေးပေါပေါဖြင့် ပစ္စည်းအမယ်များများ ဝယ်ယူနိုင်ပြီး လွန်ခဲ့သည့် ဆယ်နှစ်စုကာလအတွင်း အမေရိကန်တွင် ဒေါ်လာ ဘီလီယံချီ၍ သက်သာစေခဲ့ကြောင်း ပေကျင်းတွင် ကျင်းပသည့် တရုတ်-အမေရိကန်စီးပွားရေးလုပ်ငန်း ဖိုရမ်ဆွေးနွေးပွဲတွင် တရုတ်တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက အင်္ဂါနေ့တွင် ပြောကြားသည်။

အမေရိကန် ပြည်သူလူထုသည် လွန်ခဲ့သည် ဆယ်နှစ်အတွင်း ဈေးနှုန်းချိုသာသည့် တရုတ်ပြည်လုပ် ပစ္စည်းများကို အသုံးပြုခဲ့ကြရာ စိတ်ကျေနပ်မှုရှိခဲ့သည်ဟု မော်ဂန်စတန်နီ အစီရင်ခံစာတွင် ဖော်ပြထားသည်။ ယင်းပစ္စည်းများကို အသုံးပြုမှုကြောင့် အမေရိကန်နိုင်ငံအတွက် အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀၀ အထိ ချွေတာနိုင်ရန် အထောက်အကူပြုခဲ့သည်ဟု အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ ချန်ဆီဝေက ပြောကြားသည်။

ပြောကြား

အမေရိကန် ပြည်သူများအနေဖြင့် တရုတ်ပြည်လုပ် ကုန်ပစ္စည်းများကို လွယ်လင့်တကူ ဝယ်ယူ အသုံးပြုနေကြကြောင်း၊ ယင်းပစ္စည်းများမှာ နှိုးစက် နာရီများမှသည် သွားပွတ်တံများ၊ သွားတိုက်ဆေးဗူးများ၊ အားကစားဖိနပ်များနှင့် ခြုံစောင်များအထိ အမျိုးအမည် စုံလှကြောင်း၊ ယင်းကဲ့သို့ နေ့စဉ်သုံးပစ္စည်းများတွင် တရုတ်တံဆိပ်များ တပ်ဆင်ထားသည် မဟုတ်ကြောင်း၊ သို့ရာတွင် ပစ္စည်းအများစုသည် တရုတ်ပြည်လုပ်ပစ္စည်းများဖြစ်ကြောင်း စသည်ဖြင့် ၎င်းက ဆက်လက် ပြောကြားသည်။

တရုတ်နှင့် အမေရိကန်ပြည်ထောင်စုတို့၏ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုမှာ အမှန်တကယ်ပင် နှစ်ဦးနှစ်ဖက်စလုံးအတွက် အကျိုးဖြစ်ထွန်းနေပြီး အမေရိကန်ဈေးကွက် ဖြစ်ထွန်းမှုကြောင့် တရုတ်ပြည်အတွက် အခွင့်အလမ်းများ ပေါ်ပေါက်နေပြီ ဖြစ်ကြောင်း ထပ်လောင်းပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရန်နျူပြဿနာအပေါ် သံတမန်နည်းလမ်းဖြင့် အဖြေရှာရန် ဂျပန် ဒုတိယနိုင်ငံခြားရေးဝန်ကြီး တိုက်တွန်း ပြောကြား

တိုကျို ဖေဖော်ဝါရီ ၁၅

နျူကလီးယားမပြန့်ပွားရေး အာရှညီလာခံကို ဂျပန်နိုင်ငံတွင် တနင်္လာနေ့က စတင်ကျင်းပရာ အီရန်နိုင်ငံအပေါ် အင်အားအသုံးပြုရန်ကိစ္စနှင့်ပတ်သက်၍ ငြင်းခုံမှုများ ဆက်လက်ပေါ်ပေါက်လျက်ရှိသည်။ အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်နှင့် စပ်လျဉ်းသည့် ပဋိပက္ခအပေါ် သံတမန်နည်းလမ်းဖြင့် နောက်ထပ်ကြိုးပမ်းကြရန် ဂျပန်နိုင်ငံက တိုက်တွန်းနှိုးဆော်လိုက်သည်။

အီရန်နိုင်ငံ၏ နျူကလီးယား အဆောက်အအုံများကို စစ်ရေးအရ တိုက်ခိုက် အရေးယူဖွယ်ရှိကြောင်း အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဘုရှ်နှင့် ထိပ်တန်း လက်ထောက်များက အကြိမ်ကြိမ်ပြောကြားနေပြီး အီရန်၏ နျူကလီးယား ရည်ရွယ်ချက်နှင့် ပတ်သက်၍ သည်းခံနိုင်ဖွယ်မရှိတော့ကြောင်း သမ္မတဘုရှ်က ထပ်မံအတည်ပြုပြောကြားသည်။

သို့ရာတွင် အမေရိကန်နှင့် ဥရောပ မဟာဗျူဟာအစီအစဉ်က ယင်းပြဿနာ ဖြေရှင်းနိုင်ရန်အတွက် သံတမန်နည်းလမ်း အသုံးပြုရန် အလေးအနက် တိုက်တွန်းထားပြီး ယခုလစောစောပိုင်းတွင် ယင်းပြဿနာကို ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တင်ပြရန်ရှိနေသည်။ ယင်းသို့တင်ပြပါက အီရန်အပေါ် အရေးယူပိတ်ဆို့မှုများ ပြုလုပ်လာနိုင်မည်ဖြစ်သည်။

ဖျက်အားပြင်းလက်နက်များ ပြန့်ပွားမှုပြဿနာသည် ကမ္ဘာကြီးက ယခုအချိန်တွင် တွေ့ကြုံရင်ဆိုင်နေရသည့် အကြီးဆုံးသော လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုအန္တရာယ် တစ်ရပ်ဖြစ်နေပြီး အီရန်နိုင်ငံ၏ ကိစ္စသည်လည်း အန္တရာယ်တစ်ရပ် ဖြစ်နေသည်ဟု ဂျပန်က ၁၄ နိုင်ငံမှ ထိပ်တန်းအဆင့် ပုဂ္ဂိုလ်များ တက်ရောက်နေသည့် ဖော်ပြပါညီလာခံတွင် ပြောကြားသည်။

နိုင်ငံတကာမိသားစုက သံတမန်ဆိုင်ရာကြိုးပမ်းမှုများ ဆက်လက်ပြုလုပ်မည်ဟု ယုံကြည်ကြောင်း ဂျပန် ဒုတိယ နိုင်ငံခြားရေးဝန်ကြီး ကတ်ဆုတိုရှိကာနီဒါက ပြောကြားသည်။

အီရန်က လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအတွက် နျူကလီးယားနည်းပညာကို အသုံးပြုမည်ဖြစ်ပြီး လက်နက်ထုတ်လုပ်ရန်အတွက်မဟုတ်ဟု အခိုင်အမာပြောကြားလျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

အရှေ့အလယ်ပိုင်းမှ ရေနံအပေါ် ဥရောပနှင့်ကန်တို့ ပို၍ မှီခိုလာဖွယ်ရှိ

လန်ဒန် ဖေဖော်ဝါရီ ၁၅

ဥရောပနှင့် အမေရိကန်နိုင်ငံအနေဖြင့် ရေနံလောင်စာများကို ဝယ်ယူတင်သွင်းရန်အတွက် လာမည့် ၁၀ နှစ်အတွင်း အရှေ့အလယ်ပိုင်း ဒေသအပေါ် မှီခိုမှု ပိုမိုမြင့်မားလျက်ပင်ရှိနေမည်ဖြစ်ကြောင်း ဖိုင်နင်ရှယ်တိုင်းမ် သတင်းစာက အင်္ဂါနေ့တွင် ရေးသားသည်။

အရှေ့အလယ်ပိုင်းဒေသတွင် ရေနံချက်စက်ရုံများ တည်ဆောက်ရန်ရည်ရွယ်ထားရာ ယင်းဆောင်ရွက်မှုကြောင့် ရုရှားနှင့် ယခင်ဆိုဗီယက်သမ္မတနိုင်ငံများ၏ ရေနံချက်နိုင်သည့် စွမ်းအားထက် ပိုမိုမြင့်မားလာနိုင်ဖွယ်ရှိသည်ဟု ရေနံတင်ပို့ရောင်းချသည့် နိုင်ငံများအသင်း(အိုပက်)နှင့် ရေနံခွဲခြမ်းစိတ်ဖြာလေ့လာသူများ၏ သုံးသပ်ချက်အရ သိရှိရသည်။

အရှေ့အလယ်ပိုင်းဒေသတွင် ရေနံချက်စက်ရုံအသစ်များ တည်ဆောက်တိုးချဲ့သည့်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုကြောင့် ယင်းဒေသ၏ ရေနံချက်လုပ်နိုင်မှုစွမ်းအားကို ၆၀ ရာခိုင်နှုန်းအထိ တိုးမြင့်လာနိုင်ဖွယ်ရှိပြီး ယင်းဒေသသည် ရေနံထွက်ပစ္စည်းများဖြစ်သည့် ဓာတ်ဆီ၊ အပူပေးဆီ၊ ဒီဇယ်ဆီနှင့် ဂျက်လေယာဉ်ဆီ စသည့် ပစ္စည်းများကို အဓိကထုတ်လုပ်သည့် ဒေသဖြစ်လာမည်ဖြစ်သည်ဟု ခွဲခြမ်းစိတ်ဖြာလေ့လာသူများ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ အမေရိကန်နိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသမှ ရေနံများအပေါ် ပို၍ မှီခိုသည့်နိုင်ငံဖြစ်လာဖွယ်ရှိသည်ဟု ခွဲခြမ်းစိတ်ဖြာလေ့လာသူများက ခန့်မှန်းပြောကြားကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အိန္ဒိယတပ်မတော်၏ အဏုမြူထိပ်ဖူး သယ်ဆောင်နိုင်သော မြေပြင်ပစ်ဒုံးကျည်တစ်စင်းကို ဖေဖော်ဝါရီလ ၁၄ ရက်နေ့က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကဇက်စုံတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်မည် ခါလီဒါဇီယာနှင့် မူရှာရက်ဖ်တို့ဆွေးနွေး

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၁၅

ကာလအတန်ကြာကပင် မျှော်မှန်းလာခဲ့သည့် တိုးတက်မှုများ တောင်အာရှဒေသတွင် ပေါ်ထွန်းလာရန် လမ်းဖွင့်ပေးသည့်အနေဖြင့် တောင်အာရှဒေသရှိ နိုင်ငံများအနေဖြင့် နိုင်ငံရေး ပဋိပက္ခများကို ကျော်လွှားဖြတ်သန်းရမည်ဖြစ်ကြောင်း ပါကစ္စတန်သမ္မတ ဗိုလ်ချုပ်ကြီး ပါဗက်ဇ်မူရှာရက်ဖ်က အစ္စလမ္မာဘတ်တွင် အင်္ဂါနေ့က ပြောကြားသည်။

အင်တိုက်အားတိုက်အလုပ်လုပ်သူများနှင့် သဘာဝသယံဇာတပစ္စည်းများဖြင့် ပြည့်လျှမ်းနေသည့် မိမိတို့ဒေသသည် ခေတ်နောက်ကျ ကျန်ရစ်ခဲ့သည့် အကြောင်းတစ်ရပ်သည် နှစ်ဦးနှစ်ဖက် အငြင်းပွားမှု ပြဿနာများအပေါ် ပြေလည်စေရန် ဖြေရှင်းနိုင်ခြင်းမရှိ၍ ဖြစ်ကြောင်း ၎င်းက ပါကစ္စတန်သို့ အလည်အပတ် ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ခါလီဒါဇီယာနှင့် အစ္စလမ္မာဘတ်တွင် တွေ့ဆုံဆွေးနွေးရာတွင် ပြောကြားသည်။

ရည်ညွှန်း

မူရှာရက်ဖ်က ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံ၏ ဆက်ဆံရေးအခြေအနေကို ရည်ညွှန်းကာ ပြောကြားခြင်းဖြစ်သည်ဟု ပါကစ္စတန်ရေဒီယိုက ဖော်ပြသည်။

မူဝါဒချမှတ်

တဒင်္ဂအချိန်အတွင်း အစိုးရအချင်းချင်း နားလည်မှုမလွဲမှားသင့်ဘဲ ကာလအတန်ကြာအောင်အငြင်းပွားလာခဲ့သည့် ကက်ရှ်မီးယားပြဿနာကို ရဲရင့်ပြတ်သားပြီး ရိုးသားမှုရှိသည့် မူဝါဒချမှတ် ဖြေရှင်းရန်လိုအပ်သည်ဟု မူရှာရက်ဖ်က ပြောကြားကြောင်း ဖော်ပြပါရေဒီယိုက ကြေညာသည်။

ကြိုးပမ်း

ဘင်္ဂလားဒေ့ရှ်အစိုးရနေဖြင့် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတွင် ဆက်လက်ကြိုးပမ်းမည်ဟု ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်က ပြောကြားသည်။

သဘောတူညီ

ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ်နှင့် ပါကစ္စတန်သမ္မတတို့က စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးနှင့် နိုင်ငံရေးအရ ဆက်ဆံရေးကိစ္စများအပေါ် ဆွေးနွေးကြပြီး ကဇက်စုံတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေးသည် နှစ်နိုင်ငံအတွက် အပြန်အလှန်အကျိုးဖြစ်ထွန်းစေကြောင်းကို သဘောတူညီ လက်ခံခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

နှစ်နိုင်ငံပညာရေး ပူးပေါင်းဆောင်ရွက်ရန် စင်ကာပူ-ဘရူနိုင်း နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

စင်ကာပူ ဖေဖော်ဝါရီ ၁၅

ပညာရေး ပူးပေါင်းဆောင်ရွက်ရန်အတွက် စင်ကာပူနှင့် ဘရူနိုင်းနိုင်ငံတို့သည် အစိုးရချင်း နားလည်မှုစာချွန်လွှာတစ်ရပ်ကို ဖေဖော်ဝါရီ ၁၄ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်ဟု စင်ကာပူနိုင်ငံ ပညာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရ သိရှိရသည်။

နားလည်မှုစာချွန်လွှာအရ နှစ်နိုင်ငံရှိ ကျောင်းငါးကျောင်းစီမှ ကျောင်းသူ၊ ကျောင်းသားများသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ သွားရောက်လည်ပတ်ခြင်း၊ လေ့ကျင့်သင်တန်းပေးခြင်းနှင့် အခြားစီမံချက်များ ပြုလုပ်ခြင်းတို့ဆောင်ရွက်ကြမည်ဖြစ်သည်။

နှစ်နိုင်ငံမှ ကျောင်းသားများသည် ယဉ်ကျေးမှု၊ အားကစားစွန့်စားမှု အစီအစဉ်နှင့် လူငယ်ခေါင်းဆောင် လှုပ်ရှားမှုတို့တွင်လည်း ပါဝင်ဆောင်ရွက်ကြမည်ဖြစ်သည်။

စင်ကာပူတက္ကသိုလ်များနှင့် ဘရူနိုင်းတက္ကသိုလ်တို့သည် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းရေးအတွက် နည်းပညာလဲလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးများကို မြှင့်တင်ဆောင်ရွက်သွားကြမည်ဖြစ်သည်ဟု ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

နားလည်မှုစာချွန်လွှာတွင် နှစ်နိုင်ငံမှ ဆရာ၊ ဆရာမများနှင့် လူငယ်ခေါင်းဆောင်များသည် အတွေ့အကြုံများလဲလှယ်ခြင်းနှင့် သင်ကြားမှု စသည့် လေ့ကျင့်သင်တန်းများကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပူးပေါင်းဆောင်ရွက်ကြရန်ရှိသည်။

အဆိုပါ သဘောတူညီချက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် စောင့်ကြပ်ကြည့်ရှုနိုင်ရန်အတွက် နှစ်နိုင်ငံ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ ပါဝင်သော အဖွဲ့တစ်ဖွဲ့ကိုလည်း ဖွဲ့စည်းထားမည်ဖြစ်သည်ဟု ဖော်ပြထားသည်။

ထိုနားလည်မှုစာချွန်လွှာကို စင်ကာပူ ပညာရေးဝန်ကြီး သာမန်ရှန်မူဂါရာနမ်နှင့် ဘရူနိုင်းပညာရေး ဝန်ကြီး ပီဟင်အနူရာမန်တက်တို့ လက်မှတ်ရေးထိုးခဲ့ကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂျပန်နိုင်ငံ၊ ဆိုနီအဲရစ်ဆင်ကုမ္ပဏီမှထုတ်လုပ်သော အီး-မေးလ်ပို့နိုင်မည့် လက်ကိုင်ဖုန်းကို ဂျပန်နိုင်ငံ ဘာဆီလိုနာမြို့ လက်ကိုင်ဖုန်းပြပွဲတွင် ဖေဖော်ဝါရီ ၁၆ ရက်က ပြသနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ မြို့တော် ပေကျင်းတွင် ရှိုးရာကွန်ဖူးစွမ်းရည် သရုပ်ပြသနေသည်ကို ဖေဖော်ဝါရီ ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မလက္ကာရှိ လေဆိပ်အဆောက်အအုံနှင့် လေယာဉ်ပြေးလမ်း တိုးချဲ့ဆောင်ရွက်မည်

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၁၅

မလေးရှားနိုင်ငံ မလက္ကာရှိ လေဆိပ်တွင် လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းနှင့် လေဆိပ်ဆိုက်ရောက်ရာ အဆောက်အအုံတည်ဆောက်ခြင်းတို့ကို မတ်လတွင် စတင်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနက ဖေဖော်ဝါရီလ ၁၄ ရက်တွင် ဖော်ပြထားသည်။

ထိုတည်ဆောက်ရေးလုပ်ငန်းများအတွက် ရင်းဂစ်ငွေ သန်း ၁၂၀(အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၉၁ သန်း) ကုန်ကျမည်ဖြစ်သည်။ အဆိုပါ လုပ်ငန်းများသည် ၂၀၀၈ ခုနှစ် အစောပိုင်းကာလတွင်ပြီးစီးမည်ဖြစ်သည်။လုပ်ငန်းများ အကောင်အထည်ဖော်ပြီးစီးပါက လေဆိပ်တွင် အဲဘတ်စ် ၃၂၀ နှင့် ဘိုးရင်း ၇၃၇ လေယာဉ်တို့ ဆင်းသက်နိုင်မည်ဖြစ်သည်။ လက်ရှိ အခြေအနေတွင် ထိုလေဆိပ်၌ ဖော်ကာလေယာဉ်များသာ ဆင်းသက်လျက်ရှိသည်။

အသုံးချ

စီမံချက်အသစ်အရ မလက္ကာသို့ ပြည်ပမှ ဆေးဝါးကုသလိုသူများသည် ဘတူဘီရန်ဒမ်လေဆိပ်ကို အသုံးပြုနိုင်မည်ဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီး ချန်ကွန်ချောင်က ပြောကြားသည်။ အထူးသဖြင့် အင်ဒိုနီးရှားနိုင်ငံမှ ဆေးဝါးကုသရန်အတွက် လွယ်ကူစွာ လာရောက်နိုင်ကြမည်ဖြစ်သည်။

ဆေးဝါးကုသနိုင်

အင်ဒိုနီးရှားနိုင်ငံမှ ဆေးဝါးကုသလိုသူများသည် စင်ကာပူနှင့် ဩစတြေးလျနိုင်ငံတို့သို့ သွားရောက်ရန် မလိုတော့ဘဲ မလေးရှားနိုင်ငံ၌ပင် စရိတ် သက်သာစွာဖြင့် ဆေးဝါးကုသနိုင်ကြောင်း ချန်၏ပြောကြားချက်ကို ကိုးကား၍ စတားသတင်းစာက ဖော်ပြခဲ့သည်။

ရောက်ရှိလာ

မလေးရှားနိုင်ငံသို့ ယမန်နှစ်က ရောက်ရှိလာသော ပြည်ပခရီးသည်များအနက် အင်ဒိုနီးရှားနိုင်ငံသားဦးရေသည် ၉၆ ရာခိုင်နှုန်းရှိကြောင်း၊ ၎င်းတို့သည် မလက္ကာ၌ ဆေးဝါးကုသရန် လာရောက်ကြသူများ ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်း၌ ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ကြက်ငှက်တုပ်ကွေး ကာကွယ်ဆေး ဗီယက်နမ်တွင် စမ်းသပ်ထုတ်လုပ်

ဟန္နိုင်း ဖေဖော်ဝါရီ ၁၄

ဗီယက်နမ်နိုင်ငံ ငါ့ထရန်ကာကွယ်ဆေးသိပ္ပံသည် ကြက်ငှက်တုပ်ကွေးရောဂါအတွက် ကာကွယ်ဆေး အဖုံပေါင်း ၂၀၀ ကို အောင်မြင်စွာ ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း တနင်္လာနေ့တွင် လူငယ်သတင်းစာက ရေးသားဖော်ပြသည်။ ထိုဆေးကို ကြက်ဥအတွင်းရှိ သန္ဓေသားလောင်းမှ ဖော်စပ်ခြင်းဖြစ်သည်။

ထပ်မံတွေ့ရှိ

၂၀၀၃ ခုနှစ် ဒီဇင်ဘာလတွင် ဗီယက်နမ်နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါသည် ၉၃ ဦးကို တွေ့ရှိခဲ့ပြီး ၄၂ ဦး သေဆုံးခဲ့ကြောင်း၊ ၎င်းလူနာများကို ဒေသပေါင်း ၃၂ ခုတွင် တွေ့ရှိရကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၀ ရက်က ပြောကြားသည်။ ၂၀၀၅ ခုနှစ် နိုဝင်ဘာနောက်ပိုင်းတွင် ဗီယက်နမ်၌ ကြက်ငှက်တုပ်ကွေးရောဂါ ဝေဒနာသည်များ ထပ်မံတွေ့ရှိရခြင်းမရှိဟုဆိုသည်။ ဗီယက်နမ်နိုင်ငံတွင် ယခုနှစ်၌ ကြက်ငှက်များကို တုပ်ကွေး ကာကွယ်ဆေးနှစ်ကြိမ်ခွဲ၍ ထိုးပေးသွားရန် စီစဉ်ထားသည်။ ဖေဖော်ဝါရီလနောက်ပိုင်းမှ ဧပြီလအထိ တစ်ကြိမ်နှင့်စက်တင်ဘာလမှ အောက်တိုဘာလအကြားတွင် တစ်ကြိမ် ထိုးနှံပေးရန် စီစဉ်ထားသည်။ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုး ရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ ကြက်ငှက်တုပ်ကွေးကာကွယ်ဆေးများကိုသိုလှောင်ထားကြောင်း သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗြိတိန်အမျိုးသမီး ရဲအရာရှိတစ်ဦး နော့တင်ဂမ်ဒေသတွင် သေနတ်ပစ်ခံရ

လန်ဒန် ဖေဖော်ဝါရီ ၁၅

ဗြိတိန်နိုင်ငံသူအလုပ်သင်အမျိုးသမီးရဲအရာရှိတစ်ဦးနှင့် လုပ်ဖော်ကိုင်ဖက်တစ်ဦးတို့က အိမ်ဖောက်ထွင်းသူဟု သင်္ကာမကင်းဖြစ်ရသူတစ်ဦးကို ဖမ်းဆီးရန် ကြိုးပမ်းရာတွင် သေနတ်ဖြင့် အပစ်ခံရပြီးနောက် ဒဏ်ရာရရှိကာ အင်္ဂါနေ့က ဆေးရုံသို့ တက်ရောက်ကုသခဲ့ရသည်။

ကြိုးပမ်း

အတွေ့အကြုံရှိ ရဲအရာရှိအမျိုးသမီးတစ်ဦးနှင့် ၂၅ နှစ်အရွယ်ရှိ အမျိုးသမီးအလုပ်သင်ရဲအရာရှိတစ်ဦးတို့က နော်တင်ဂမ်ခရိုင် လင်တန်ဒေသရှိ ဖောက်ထွင်းမှုဖြစ်ပွားရာသို့ သွားရောက်ခဲ့ပြီး အနီးအပါးရှိ လူတစ်ဦးကို ရပ်ခိုင်းရန် ကြိုးပမ်းစဉ် ဖော်ပြပါအတိုင်း ပစ်ခတ်ခံရခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

ပစ်ခတ်

အဆိုပါလူက ရဲအရာရှိ တစ်ဦးကို လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း နော့တင်ဂမ်ရှိုင်းယား ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ၎င်းက ထိုသူ၏ အမည်ကို ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

ဒဏ်ရာရရှိ

သေနတ်ဖြင့် ပစ်ခတ်သူကို ဖမ်းမိခြင်းမရှိသေးပေ။ ကျည်ကာအင်္ကျီဝတ်ထားသည့် ၎င်းအမျိုးသမီးရဲအရာရှိသည် သေနတ် ထိမှန်ဒဏ်ရာရရှိခဲ့ပြီး ဆေးရုံတင်ထားရကာ ကျန်းမာရေး အခြေအနေ စိုးရိမ်ရသည်ဟု သိရသည်။

အမ်အင်အေ၊ရိုက်တာ။

သေနတ်ပစ်ခံရသော ရဲအရာရှိ ရက်ချယ်ဘရောင်း

(ဓာတ်ပုံ-အင်တာနက်)

ကန် ဒုတိယသမ္မတ ဒစ်ချေနီ ငုံးကိုပစ်ရာမှ လူကိုထိမှန်

ကော်ပတ်စ်ခရစ္စတီး (တက္ကဆပ်) ဖေဖော်ဝါရီ ၁၄

အမေရိကန်နိုင်ငံ တက္ကဆပ်ပြည်နယ်ရှိ မွေးမြူရေးခြံတစ်ခြံသို့ သီတင်းပတ်ကုန်က ငုံးပစ်ထွက်သည့် အမေရိကန် ဒုတိယသမ္မတ ဒစ်ချေနီသည် ငုံးတစ်ကောင်ကို ချိန်ရွယ်ပစ်ခတ်ရာ ငှက်ကိုမထိဘဲ အဖော်ရှေ့နေတစ်ဦး၏ မျက်နှာနှင့် ရင်ဘတ်ကို မတော်တဆ ထိမှန်သွားကြောင်း မီဒီယာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ကုသထား

ဒဏ်ရာရရှိသွားသူမှာ ဩစတင်မြို့မှ ဟယ်ရီဝှစ်တင်တန်ဆိုသူဖြစ်၍ အမ်းစထရောင်း မွေးမြူရေးခြံတွင် လွန်ခဲ့သည့် စနေနေ့က သေနတ်ထိမှန်ခဲ့ပြီးနောက် ကော်ပတ်စ်ခရစ္စတီးမြို့ရှိ ဆေးရုံတစ်ရုံတွင် တင်ပို့ကုသထားရသည်။ ဝှစ်တင်တန်ကို အထူးကြပ်မတ်ကုသဆောင်တွင် ထားရှိကြောင်း ဆေးရုံအုပ်ချုပ်ရေးမှူး ပီတာဘန်ကိုက ပြောကြားသည်။ သို့သော် အသေးစိတ် ပြောကြားခြင်းမရှိပေ။

အင်တာနက်။

အမေရိကန်ဒုတိယသမ္မတ ဒစ်ချေနီအား လက်ဆောင်ရသော သေနတ်နှင့်အတူ တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယနိုင်ငံမှ အမြန်ဆုံးရထား နယူးဒေလီမှ ဘိုပါးသို့ စတင်ပြေးဆွဲ

နယူးဒေလီ ဖေဖော်ဝါရီ ၁၅

အိန္ဒိယနိုင်ငံအတွက် အမြန်ဆုံးရထားဖြစ်သည့် ရှာတက်ဒီအမြန်ရထားသည် နယူးဒေလီမြို့မှ အိန္ဒိယအလယ်ပိုင်းဒေသရှိ ဘိုပါးမြို့သို့ ဗုဒ္ဓဟူးနေ့မှစတင်၍ ပြေးဆွဲကြောင်း နယူးဒေလီ ရုပ်မြင်သံကြားဌာနက ဖော်ပြသည်။

အဆိုပါရထားသည် တစ်နာရီလျှင် ကီလိုမီတာ ၁၆၀ နှုန်းဖြင့် ပြေးဆွဲသည်။

တည်ဆောက်ထား

ယင်းရထားမှာ ဂျာမန်ပုံစံကို အခြေခံပြု၍ တည်ဆောက်ထားခြင်း ဖြစ်ပြီး စီးနင်းရာတွင် သက်သောင့်သက်သာဖြစ်ကာ အလှအပပစ္စည်းများ၊ နောက်မီထိုင်ခုံများနှင့် အထူးစားသောက်ဖွယ်ရာရောင်းချသည့်ရထားတွဲများဖြင့် ရထားစီးနိုင်စေရန် ဖြည့်ဆည်းပေးထားသည်။

ပြောကြား

ယင်းရထားတွင် အထူးအင်ဂျင်စက်နှင့် အင်အားကောင်းမွန်သည့် ဘရိတ်များ တပ်ဆင်ထားသည်ဟု မြောက်ပိုင်းရထားဌာနမှ လူထုဆက်သွယ်ရေးအရာရှိဖြစ်သူ ရာဂျစ်ဆက်ဇီနာက ပြောကြားသည်။

အဆိုပါ ရထားသည် အခြားရထားတစ်စင်းနှင့် တိုက်မိခဲ့ပါက ရထားတွဲများသည် တစ်ခုအပေါ်တစ်ခု ထပ်သွားနိုင်ခြင်းမရှိဘဲ လူအထိအခိုက်နည်းစေရန် တည်ဆောက်ထားခြင်းဖြစ်သည်။ အဆိုပါ ရထားသည် သောကြာနေ့များမှလွဲ၍ ရက်သတ္တပတ်တစ်ပတ်လျှင် ခြောက်ရက်ပြေးဆွဲပေးမည် ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘိုလီးဗီးယား၌ ရေလွှမ်းမိုး ၁၉ ဦး သေဆုံး

လီမာ ဖေဖော်ဝါရီ ၁၅

ဘိုလီးဗီးယားနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးရာ လူ ၁၉ ဦးသေဆုံးပြီး လူ ၃၀ ဒဏ်ရာရရှိကြောင်း နိုင်ငံပိုင် အေဘီအိုသတင်းဌာနက အင်္ဂါနေ့တွင် ဖော်ပြသည်။ ရာသီဥတုဆိုးရွားမှုမှာ အခိုက်အတန့်အားဖြင့် ဆက်လက်ဖြစ်ပေါ်လျက်ရှိမည်ဖြစ်ကြောင်း ဘိုလီးဗီးယား အမျိုးသားကာကွယ်ရေးနှင့်အရပ်ဘက်အဖွဲ့အစည်း၏ အကြီးအကဲ ဂတ်စတာဗိုဂန်ဒါရီလတ်စ်က ပြောကြားသည်။

နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အစိုးရများထံမှ တိုက်ရိုက်အကူအညီအဖြစ် အမေရိကန် ဒေါ်လာ တစ်သန်းကို ဘိုလီးဗီးယားက ရရှိခဲ့ပြီး အမေရိကန်ဒေါ်လာ သန်း ၄၀၀ နီးပါးတန်ဖိုးရှိအကူအညီများပေးမည့် ကတိပြုချက်ကိုလည်း ရရှိထားပြီးဖြစ်သည်။

ဗင်နီဇွဲလား၊ ချီလီ၊ အာဂျင်တီးနား၊ ကျူးဘား၊ ဂျပန်နှင့် အမေရိကန်နိုင်ငံတို့က စားနပ်ရိက္ခာ၊ ဆေးဝါးပစ္စည်း၊ သောက်ရေသန့်၊ ယာယီတည်းခိုစရာများ၊ စောင်များနှင့် လုပ်ငန်းခွင်သုံးကိရိယာတန်ဆာပလာများ အပါအဝင် လူလူချင်း စာနာသောအားဖြင့် အကူအညီများ ပေးပို့ခဲ့ကြသည်။ ဘိုလီးဗီးယားနိုင်ငံရှိ ရေလွှမ်းမိုးမှုဒဏ် အများဆုံးခံရသည့် ဒေသများသို့ ကျူးဘားနိုင်ငံက ဆရာဝန် ၁၄၀ ကိုလည်း စေလွှတ်ခဲ့သည်။**အမ်အင်အေ၊ဆင်ဟွာ။**

တိုင်းရင်းသား သွေးချင်းတို့ ချစ်ကြည်ရေး ဆောင်ကြဉ်းပေးမည့် ရထား

(က)

မြေပုံညွှန်းပေါ် ရတ်တရက်ကြည့်လိုက်လျှင်မူ သည်လမ်းကို မြန်မာအက္ခရာ ဟအသွင်သဏ္ဌာန်ယောင်ယောင် တွေ့မြင်ရ၏။ ဟ၏ အစသည် ရွှေညောင်မြို့ဖြစ်၍ ဟ၏အဆုံးသည် မိုးနဲမြို့ဖြစ်ပြီး ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင်၊ လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်ဟူသော သုံးခရိုင်အတွင်း ခရိုင်ချင်းဆက် ရထားလမ်းကြီး အဖြစ် ၁–၁–၂၀၀၆ ရက်နေ့က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကိုယ်တိုင်ဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်ခဲ့သည့် ပြည်ထောင်စု ရထား လမ်းသစ်ကြီးဖြစ်ပါသည်။

(ခ)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

"တောနှင့်မြို့ကွာဟမှု ကျဉ်းမြောင်းသွားစေရေးအတွက် ဆက်သွယ်သည့် လမ်းကြောင်းများ တိုးတက်ကောင်းမွန်အောင် ကြိုးစားဆောင်ရွက်ကြရန်၊ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသည့် နယ်စပ်ဒေသများ၌ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန် အောင် စီမံချက်များ ချမှတ်အကောင် အထည်ဖော် ဆောင်ရွက်သွား ကြရန်"

လမ်းညွှန်ချက်နှင့်အညီ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်၏ကွပ်ကဲမှုဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနသည် တောင်ကြီးခရိုင် တောင်ဘက်ခြမ်းနှင့် လွိုင်လင်ခရိုင် တောင်ဘက်ခြမ်းရှိ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသော တောင်ပေါ်၊ တောင်အောက် ကျေးရွာများအရောက် ခက်ခဲစွာဖောက်လုပ် ခဲ့ရသည့် ဖွံ့ဖြိုးရေးရထားလမ်း ဖြစ်ပါသည်။

ဤလမ်း၌ တောင်ကြီးခရိုင်ဘက်မှ ရွှေညောင်၊ တောင်ကြီး၊ ဖာမွန်း၊ ဘန်းယဉ်၊ ဆိုက်ခေါင်၊ ပြင်သာယာ၊ ထီရိ၊ ထီထဲထိုး၊ ထူးကျန့်၊ ထမ်ဆိုင်း ဟူသော မြို့ရွာများကို ဖြတ်လျက် ပွန်ချောင်းအထိ တစ်ပိုင်း၊ လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်တို့ဘက်မှ မိုးနဲ၊ နမ့်စန်၊ အမှတ်(၉)ရွာ၊ မတ်လန်းခမ်း၊ မိုင်းစိတ်၊ နောင်ဘို၊ ကောင်ဆိုင်း၊ နမ့်မဟိတ်၊ ထီပင်ဟူသော မြို့ရွာများကို ဖြတ်လျက် ပွန်ချောင်းအထိ တစ်ပိုင်းဟု အပိုင်းကြီးနှစ်ပိုင်းရှိပြီး နှစ်ပိုင်း နှစ်ဖက်မျက်နှာချင်းဆိုင် ပွန်ချောင်းကို ခိုင်ခံ့မြင့်မားသော တံတားကြီးတစ်စင်း တည်ဆောက်ကာ ဆက်သွယ်ပေးထားခြင်းဖြင့် ရွှေညောင်–တောင်ကြီးမှသည် နမ့်စန်– မိုးနဲအထိ မိုင်အရှည် ၁၉၇ဒသမ၁၈မိုင်ရှိ ရထားလမ်းသစ် တည်ဖြစ် ပေါ်ပေါက်လာရပါပြီ။

ဤလမ်းတစ်ကြော၌ ချောက်ကမ်းပါးများ ရှောင်မလွှတ်သဖြင့် ချောက်ကျော် ကမ်းပါးဆက်တံတားပေါင်းများစွာ တည်ဆောက်ပေး ခဲ့ရရာ တံတား စုစုပေါင်းအရေအတွက်မှာ ပွန်ချောင်းတံတားကြီးနှင့် အခြားတံတားကြီးငယ် ပေါင်း ၅၆၁စင်းဖြစ်၏။ ရထားရပ်နားရာ ဘူတာရုံပေါင်း ၄၅ဘူတာရှိ၏။

ပွန်ချောင်း ၁၂ဒသမ၁၆မိုင် အပိုင်းငယ်များသည်လည်း လျှိုမြောင်များ၊ ချောင်းခြောက်များ၊ ချောင်းစိုများ၊ ချောက်ကမ်းပါးများ၊ ကျောက်တောင် ကျောက်စွယ်များ၊ တောင်တန်း တောင်ကုန်းများသာ ဖြစ်နေသောကြောင့် ချောင်းတွေ့လျှင် တံတားဆောက်၊ ကျောက်တောင် တွေ့လျှင် ထွင်းဖောက် ကာ လျှိုမြောင်တွေ့လျှင် မြေကျောက်ဖို့ပြီး တပ်မတော်သားတို့၏ စွမ်းအားဖြင့် ခက်ခဲစွာတည်ဆောက်ကြရပါသည်။ ယင်းအပိုင်းငယ် သုံးပိုင်း၌ မြေသားကျင်း ၂၅သိန်းကျော် တူးဖို့၊ ဖြုန်းကျောက်ကျင်း ငါးသိန်းကျော်ထုတ်လုပ်၊ တံတားလတ်ငယ်ပေါင်း ၁၆၁စင်း တည်ဆောက် ကာ ချောပြေသော ရထားလမ်းဖြစ်အောင် ကျားကုတ်ကျားခဲ တည်ဆောက် ကြရပါသည်။

ယင်းနှင့်စပ်လျဉ်းပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက ရထားလမ်းဖွင့်ပွဲ၌ ဤသို့ ပြောကြားခဲ့၏။

"ရှမ်းကုန်းမြင့်ဒေသ၌ အရှည် ၁၉၇ မိုင်ကျော်ရှိသည့် ရထားလမ်းကြီး ကို တောတောင်လျှိုမြောင်များ ဖြတ်သန်းပြီး ခက်ခက်ခဲခဲ ဖောက်လုပ်ခဲ့ရာ၌ တပ်မတော်သားများ၏လုပ်အားကို အဓိကအရင်းခံထားပြီး ရထား ပို့ဆောင်ရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာများ၊ ပညာရှင်များ၊ ဝန်ထမ်း များ၏ ကြိုးပမ်းအားထုတ်မှု၊ ဒေသခံပြည်သူများ၏ စောင့်ရှောက်မှုတို့ဖြင့် ပေါင်းစပ် ဆောင်ရွက်ခဲ့ရခြင်း ဖြစ်ကြောင်း၊ သာမန်အားထုတ်မှု မျိုးမဟုတ်ဘဲ မဆုတ်မနစ်သည့် ဇွဲလုံ့လဝီရိယနှင့် ခက်ခက်ခဲခဲ လုပ်ကိုင် ဆောင်ရွက်ခဲ့ကြရခြင်း ဖြစ်ကြောင်း"

ရတနာစည်ဆရာတော် (လွိုင်လင်)

မဆုတ်မနစ်သည့်ဇွဲဖြင့် အခက်အခဲဟူသမျှအပေါ် အောင်ပွဲဆင် ခဲ့သော ခက်ခက်အောင်ရထားလမ်းကြီး မဟုတ်လေလော။

ယင်းသည် ရထားလမ်းဖြတ်သန်းရာ ရွှေညောင်၊ တောင်ကြီး၊ ဟိုပုန်း၊ ဆီဆိုင်၊ လွိုင်လင်၊ နမ့်စန်၊ မိုးနဲမြို့နယ်များရှိ ကျေးရွာပေါင်း ၁၃၆၀ ကျော်မှ ရှမ်း၊ ဗမာ၊ ပအိုဝ်း၊ ပလောင်၊ အင်းသား၊ ဓနု၊ လားဟူ၊ လီဆူး၊ ယင်းကျား၊ ယင်းနက်စသည့် တိုင်းရင်းသားပြည်သူ ခုနစ်သိန်း ခန့်တို့၏ **'ဟိတာယ=အကျိုးစီးပွားအတွက်'**၊ **'သုခါယ=ချမ်းသာသုခ အတွက်'** စင်စစ်ဖြစ်လေ၏။

ကိုယ့်ရွာမှ သူ့ရွာ၊ ကိုယ့်ဘူတာမှသူ့ဘူတာ၊ ကိုယ့်ဆွေညာနှင့် သူ့ဆွေညာ ရထားပေါ်မှာဆုံတွေ့ ကြည်မွေ့သောအပြုံးများ နှလုံးသား မေတ္တာစာတတ် တဖျပ်ဖျပ်ရိုက်ခတ်ရင်း သွေးချင်းများ၏ ချစ်ကြည်ရေးကို သယ်ဆောင်ပေးမည့်ရထား မဟုတ်လေလော။

ယင်းသည် ရထားလမ်းဖြတ်သန်းရာ ရွှေညောင်၊ တောင်ကြီး၊ ဟိုပုန်း၊ ဆီဆိုင်၊ လွိုင်လင်၊ နမ့်စန်၊ မိုးနဲမြို့နယ်များရှိ ကျေးရွာပေါင်း ၁၃၆၀ ကျော်မှ ရှမ်း၊ ဗမာ၊ ပအိုဝ်း၊ ပလောင်၊ အင်းသား၊ ဓနု၊ လားဟူ၊ လီဆူး၊ ယင်းကျား၊ ယင်းနက် စသည့် တိုင်းရင်းသားပြည်သူ ခုနစ်သိန်းခန့်တို့၏ 'ဟိတာယ = အကျိုးစီးပွားအတွက်၊ 'သုခါယ=ချမ်းသာသုခ အတွက်' စင်စစ်ဖြစ်လေ၏။

ယင်းတို့တွင် ခက်ခဲမှုစံတင်သော အပိုင်းငယ်များမှာ ထီရိရွာမှာ ထီထဲထိုးရွာအထိ ရထားလမ်းအရှည် ၉ဒသမ၃မိုင်၊ ထီထဲထိုး–ထမ်ဆိုင်း ငါးမိုင်၊ ထမ်ဆိုင်း–ထူးကျန့် ၆ဒသမ၈မိုင်နှင့် ထူးကျန့်–ပွန်ချောင်း ၈ဒသမ၄မိုင်တို့ ဖြစ်၏။ အကြောင်းမှာ ပင်လယ်ရေပြင်မှအမြင့်ပေ ၃၀၀၀၊ ၆၀၀၀၊ ၄၀၀၀ ဟု အနိမ့်အမြင့် ကြီးမားလျက်ရှိနေသဖြင့် ယင်းအနိမ့်အမြင့်များ ပျောက်အောင် အာဆီယံရထားလမ်း စံနှုန်းအတိုင်း ပေ၈၀လျှင် တစ်ပေနှုန်းဖြင့် ပြေပြေတက်၊ ပြေပြေဆင်းနိုင်ရန် လမ်းအလျား ဆန့်ထုတ် ဖောက်လုပ်ရခြင်း၊ အကွေ့ကွေ့သောအခါ စက်ဝိုင်းအချင်းဝက် မီတာ၁၅၀နှုန်းဖြင့် ကွေ့နိုင်ရန် လမ်းအလျား ဆန့်ထုတ်ဖောက်လုပ်ရခြင်း၊ အန္တရာယ်ရှိသော လွန်းထိုးလမ်းကို ရှောင်၍ ဖောက်လုပ်ရခြင်းတို့ကြောင့် ဖြစ်၏။

ယင်းအပြင် ဖော်ပြပါအပိုင်းလေးပိုင်းခရီး၌ မြေသားကျင်းပေါင်း ၁၇သိန်း တူးဖို့၊ ဖြုန်းကျောက်ကျင်းပေါင်း ခြောက်သိန်းကျော် ထုတ်လုပ်၊ တံတားကြီး ငယ်ပေါင်း ၈၁စင်းတို့ကို တည်ဆောက်လျက် မြေပေါင်ညှိ ခြင်း၊ သံလမ်းခင်းခြင်း၊ ကျောက်ဖြည့်ခြင်းတို့ကို တပ်မတော်သားတို့၏ စွမ်းအားဖြင့် တည်ဆောက်ခဲ့ရပါသည်။

ထိုနည်းငှင်းပင် လွိုင်လင်ခရိုင်ဘက်မှ ကောင်ဆိုင်း–နမ့်ဟိတ် ၉ဒသမ၁၉ မိုင်၊ နမ့်ဟိတ်–တောင်ကိုင်း ၆ဒသမ၂မိုင်၊ တောင်ကိုင်း–

(ဂ)

ယင်းရထားလမ်းမကြီး ဖွင့်ပွဲမိန့်ခွန်း၌ နိုင်ငံတော်ဝန်ကြီးချုပ်က အတိတ်၏ ခါးသီးသော သမိုင်းတစ်ကွေ့ကို ဤသို့လှစ်ပြခဲ့၏။

"များပြားစုံလင်သည့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေးအဆင့်အတန်းမြင့်မားရေး၊ လမ်းပန်းဆက်သွယ်မှု အဆင်ပြေကောင်းမွန်ရေး၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည် ရင်းနှီးရေး တို့ကို နယ်ချဲ့ကိုလိုနီစနစ်က ဥပေက္ခာပြုခဲ့သည့်နည်းတူ ပဒေသရာဇ် စနစ်နှင့် ပါလီမန် ဒီမိုကရေစီစနစ်တို့ကလည်း တာဝန်ကျေပွန်စွာ အကောင်အထည် မဖော်နိုင်ခဲ့ကြသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ဤသို့သော အခြေအနေ၌ အမျိုးအစား စုံလင်သည့် သောင်းကျန်းမှုမျိုးစုံဖြင့် ပေါင်းစပ်မိပြီး ရှမ်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း အလှမ်းဝေး ခဲ့ရကြောင်း၊ အချည်းနှီးအလဟဿဖြစ်ခဲ့ရသည့် နှစ်များ ရှည်ကြာခဲ့ပြီ ဖြစ်ကြောင်း"

မှန်ပါသည်။ နယ်ချဲ့ခေတ်နှစ်တစ်ရာ၌ နယ်ချဲ့ကိုလိုနီစနစ်ကသော် လည်းကောင်း၊ စော်ဘွားများ၏ ပဒေသရာဇ်စနစ်ကသော်လည်းကောင်း ဒေသအကျိုးနှင့် ဒေသခံတိုင်းရင်းသားတို့၏အကျိုးကို တစ်စုံတစ်ခုမျှ ဆောင်ရွက် ဖြည့်ဆည်းမပေးခဲ့သည်မှာ သမိုင်းသက်သေဖြစ်ခဲ့၏။ ထို့ပြင် လွတ်လပ်ရေးရ၍ ပါလီမန်ဒီမိုကရေစီစနစ်ဖြင့် ချီတက်ခဲ့ရာ၌လည်း

တိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို တာဝန်ကျေစွာ မဖော်ဆောင် နိုင်သည်မှာ သမိုင်းသက်သေဖြစ်ခဲ့၏။

လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသည့် လက်နက်ကိုင် ဆန့်ကျင်မှုများ၊ သောင်းကျန်းမှုမျိုးစုံများက တစ်ဖက်၊ နိုင်ငံတော်ကို ဦးဆောင်သည့်အစိုးရအနေဖြင့် ဦးတည်ချက်ရှိရှိ ရည်ရွယ်ချက်မိမိ ဦးမဆောင်နိုင်ဘဲ အချင်းချင်း ကွဲအက်စိမ့်ယိုနေမှုများက တစ်ဖက်၊ အတိုက်အခံပါတီများအနေဖြင့် နိုင်ငံအကျိုးထက် အာဏာတန်ခိုးကိုသာ တပ်မက်ပြီး အစိုးရလုပ်သမျှ အပုပ်ချရင်း အစိုးရကို နှန့်နဲ့စေမှုများက တစ်ဖက်၊ ကိုလိုနီနယ်ချဲ့လက်သစ်တို့၏ မွှေနှောက် စွက်ဖက်နေမှု များက တစ်ဖက်စသည့် အဘက်ဘက်တို့က နိုင်ငံ့သမိုင်းကြောင်းကို ထောင်းထောင်းမွကြေစေခဲ့သည် မဟုတ်လော။

ယနေ့ တပ်မတော်အစိုးရလက်ထက် ရောက်လာတော့မှပင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များကို မေတ္တာရွှေလက်ဖြင့် ခေါ်ဆောင် လာနိုင်သည့် ငြိမ်းချမ်းရေးအလင်းနှင့်အတူ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ခုစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တို့ကို ထိထိမိမိချမှတ်ကာ ထက်ထက် မြက်မြက် ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ပြည်ထောင်စုကြီးတစ်ရပ်လုံးအတွက် ဖွံ့ဖြိုး တိုးတက်မှုလုပ်ငန်းများ ကွက်ကျားလစ်ဟာမှုမရှိစေဘဲ ကွက်ပြည့်တစ်ပြိုင် တည်း ထူထောင်ပေးလာနိုင်သော အနေအထား ရောက်ရှိလာလေ၏။

ကြည့်ပါ။ ယနေ့ တပ်မတော်အစိုးရက ရှမ်းပြည်နယ်အတွင်း၌ တောင်ကြီး၊ လားရှိုး၊ ကျိုင်းတုံ တို့ကို ဖွံ့ဖြိုးရေးအထူးဒေသကြီးများအဖြစ် သတ်မှတ်ကာ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးစသည့် အရေးရေးအရာရာ လျင်မြန်စွာ အကောင် အထည်ဖော်ပေးခဲ့သည့်အပြင် ပြည်ထောင်စုစိတ်ဓာတ် နိုးကြားရှင်သန်မှု ဂုဏ်ပြုသောအားဖြင့် ပင်လုံဒေသ လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်တို့ကိုပါ ဖွံ့ဖြိုးရေးအထူးဒေသကြီးအဖြစ် သတ်မှတ်ပြီး အကောင်အထည်ဖော် ပေးခဲ့ရာ ယနေ့သော် ဧရိယာအကျယ်ဆုံး၊ လူဦးရေအများဆုံးဖြစ်သည့် ရှမ်းပြည်နယ်တစ်ခုလုံး အေးချမ်းသာယာလျက် ဖွံ့ဖြိုးတိုးတက်မှုများ အရှိန်အဟုန် မြင့်မားလာနေလေပြီ။

နိုင်ငံတော်အစိုးရအနေဖြင့် ရှမ်းပြည်နယ်အတွက် ယခုလိုဆောင်ရွက် ပေးထားသကဲ့သို့ ပြည်ထောင်စုတစ်ဝန်းလုံးအတွက်လည်း ကားလမ်း (ကတ္တရာ၊ ကျောက်ချော၊ အမာခံ)မိုင်ပေါင်း ၅၇၁၀၀ကျော်၊ ရထား လမ်းသစ်မိုင်ပေါင်း ၁၁၀၀ကျော် ဖြစ်ပေါ်လာရေး ဆောင်ရွက်ပေး ထားသည့်အပြင် ဧရာဝတီမြစ် ကူးတံတားသစ် ခုနစ်စင်း၊ ချင်းတွင်းမြစ်ကူး တံတားသစ်နှစ်စင်း၊ သံလွင် မြစ်ကူး တံတားသစ်ငါးစင်း၊ စစ်တောင်း မြစ်ကူး တံတားသစ်တစ်စင်း အပါ အဝင် တံတားကြီးပေါင်း ၂၁၂စင်း တည်ဆောက်ပေးထားလျက်ရှိနေလေပြီ။

နိုင်ငံတော်ဝန်ကြီးချုပ်၏ ရထားလမ်းဖွင့်ပွဲ မိန့်ခွန်းနိဂုံးမှာ ဤသို့ ဖြစ်၏။

"ကိုယ့်တိုင်းပြည်ကို အခြားနိုင်ငံများ၏ နောက်မြီးဆွဲဘဝမျိုး မရောက်ရအောင် ကမ္ဘာတွင် ထည်ထည်ဝါဝါရပ်တည်ပြီး အစွန့်ရှည် တည်တံ့အောင် နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူမှုရေးအရ ဘက်စုံမှ ဆက်လက်တည်ဆောက် ကာကွယ် ပုံဖော်သွားကြရမှာဖြစ်ကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရေး လုပ်ငန်းကိုလည်း အမျိုးသားရေး စွမ်းအား၊ အမျိုးသားရေး အားမာန်တို့ဖြင့် ညီညီညွတ်ညွတ် ဆက်လက် တည်ဆောက်သွားကြရန်"

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် အောင်မင်းက အမှာစကားပြောကြားရာတွင် **"ရှမ်းပြည်နယ်၌ ယခင်က မန္တလေး–လားရှိုး ရှမ်းပြည်နယ်(မြောက်ပိုင်း)လမ်းနှင့် သာစည်–ရွှေညောင် ရှမ်းပြည်နယ်(တောင်ပိုင်း)လမ်းဟု ရထားလမ်းနှစ်လမ်း တည်းရှိခဲ့ရာ ယနေ့တပ်မတော်အစိုးရ လက်ထက်တွင် ရွှေညောင်–ရပ်စောက် ရထားလမ်း၃၇ဒသမ၅မိုင်ကို ၂၇–၃–၁၉၉၁၌လည်းကောင်း၊ အောင်ပန်း– ပင်လောင်း ရထားလမ်း၄၈ဒသမ၅၈မိုင်ကို ၇–၁–၁၉၉၃၌လည်းကောင်း၊ ပင်လောင်း–လွိုင်ကော် (ရှမ်း–ကယား)ရထားလမ်း ၅၃ဒသမ၃၄မိုင်ကို ၂၇–၃–၁၉၉၃၌လည်းကောင်း ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အပြင် တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် ရထားလမ်းအရှည် စုစုပေါင်း ၃၀၆၉ ဒသမ ၉၆မိုင်ဖြင့် ပြည်သူ့အကျိုး သယ်ပိုးပေးနိုင်လျက်ရှိနေပြီ ဖြစ်ကြောင်း"** ထည့်သွင်းပြောကြား၏။

ထိုမှတစ်ပါး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က အမှာစကားပြောကြားရာတွင် **"နိုင်ငံတော်အနေဖြင့် မိမိတို့ပြည်နယ် အတွက် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေးသာမက ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လျှပ်စစ်ဓာတ်အားတိုးတက်ရရှိရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းကဏ္ဍအသီးသီးကိုလည်း ကွက်လပ် မကျန်ရအောင် ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း"** ထည့်သွင်း ပြောကြားကာ **"ဒေသခံတိုင်းရင်းသား မိဘပြည်သူအားလုံးကလည်း ရထားလမ်း ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် ဆက်လက်ထိန်းသိမ်း**

စာမျက်နှာ ၇ ကော်လံ ၁ သို့✧

နှစ်ဖက်သောမိဘများနှင့် ညီမ ဒေါ်သန်းသန်းစိန်အားရည်စူး၍ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ရွှေလောင်းလမ်းနေ ဦးအုန်းကြည်-ဒေါ်သိန်းလှ၊ သမီးကြီး မမွန်မွန်ကြည်-ကိုမင်းမင်းထွေး၊ သမီးငယ် မအေးအေးသန့်ကြည် မိသားစုက ဒဂုံမြို့နယ် အမှတ်(၁၂) စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကကျောင်းတော် တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး အဆောက်အအုံအတွက် အလှူတော်ငွေကျပ် ငါးသိန်းကို တိပိဋကရေ ဆရာတော် ဘဒ္ဒန္တ ဣန္ဒာစရိယထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ-နိ ရန်ကုန်ဌာန အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာ တိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်သစ်ကြီးအတွက် ကိုမောင်မောင်ဦး-မခွာဖြူ မိသားစုတို့က ဒုတိယအကြိမ် အလှူငွေကျပ် တစ်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့-အဖွဲ့ဝင် ရွှေကျီး ဒေါ်သန်းသန်းညွန့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ သောဠသမအစည်းအဝေး၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဌအစည်းအဝေး၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ပဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ သောဠသမအစည်းအဝေးကို ၁၃၆၇ ခုနှစ် တပေါင်းလဆန်း ၈၊ ၉ရက်၊ (မတ် ၆၊၇ ရက်)တို့တွင် လည်းကောင်း၊ ပဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဌအစည်းအဝေးကို ၁၃၆၇ ခုနှစ် တပေါင်းလဆန်း ၁၁၊၁၂၊၁၃ ရက်၊ (မတ် ၉၊၁၀၊၁၁ ရက်)တို့တွင်လည်းကောင်း ကျင်းပမည်ဖြစ်သည်။

နိုင်ငံတော် သံဃမဟာနာယကဆရာတော်များသည် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာနာယက ကျောင်းတော်ကြီးသို့ ၁၃၆၇ ခုနှစ် တပေါင်းလဆန်း ၄ ရက်၊ (မတ် ၂ ရက်) (ကြာသပတေးနေ့) တွင်လည်းကောင်း၊ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်များ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များသည် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေသို့ ၁၃၆၇ ခုနှစ် တပေါင်းလဆန်း ၁၀ရက်၊ မတ် ၈ရက် (ဗုဒ္ဓဟူးနေ့)တွင်လည်းကောင်း၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံရသည့် ဘွဲ့ခံသက်သက်ဆရာတော်ကြီးများနှင့် ဘွဲ့ခံသီလရှင်ဆရာကြီးများသည် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေသို့ ၁၃၆၇ ခုနှစ် တပေါင်းလဆန်း ၁၃ရက်၊ (မတ် ၁၁ရက်) (စနေနေ့)တွင်လည်းကောင်း အရောက်ကြွရောက်တော်မူပါရန် ပင့်လျှောက်စာများ ဆက်ကပ်ထားပြီးဖြစ်ရာ ယင်းပင့်စာများ အချိန်မီမရောက်ရှိပါကလည်း အဆိုပါနေ့ရက်များတွင် အရောက်ကြွရောက်တော်မူပါရန် ပင့်လျှောက်အပ်ပါကြောင်းနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ၁၃၆၇ ခုနှစ် တပေါင်းလပြည့်နေ့ (မတ် ၁၃ရက်) (တနင်္လာနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

အထက(၁) ကမာရွတ် ကျောင်းသူဟောင်းများ ပထမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

အထက(၁)ကမာရွတ် (မရမ်းခြံ စံပြအမျိုးသမီး အထက်တန်းကျောင်း) ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ၂၃ရက် (ကြာသပတေးနေ့)နံနက်၉နာရီတွင် မရမ်းခြံကျောင်းသင်္ဂြိုဟ်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသူဟောင်းများ(၁၉၇၆ခုနှစ်မှ၂၀၀၄ခုနှစ်)အတွင်း တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ကြသူများ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို မခိုင်ခိုင်ကျော် ဖုန်း-၀၉-၅၀၀၉၈၀၆၊မသဉ္ဇာဦး ဖုန်း-၀၉-၉၈၂၃၀၀၃၊မအိသွယ်မြင့်အောင် ဖုန်း-၀၉-၈၀၂၃၄၉၈၊ မမိုးပပသွင် ဖုန်း-၆၆၄၉၂၄နှင့် မမွန်မွန်ပိုက် ဖုန်း-၀၉-၅၁၂၅၇၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ဧရာဝတီတိုင်း မအူပင်မြို့ မင်းလမ်း ရွှေကြာဆေးလိပ်ခုံမှ ကွယ်လွန်သူ ဦးတင့်လွင် တစ်နှစ်ပြည့်အား ရည်စူး၍ ဒေါ်သန်းအေးမိသားစုက ငွေကျပ်နှစ်သိန်းကို ဘဏ္ဍာရေးမှူး ဦးဌေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

✧ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ပေးကြရန်၊ နယ်မြေအေးချမ်းသာယာမှုကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်သွားကြရန်နှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးတွင် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်” တိုက်တွန်းခဲ့လေ၏။

ဤသို့ တာဝန်ရှိပုဂ္ဂိုလ်များက ဖွင့်ပွဲတက်ရောက်လာသူ ပရိသတ်များအား မှာကြားသင့်သည်များ မှာကြားကြပြီးသော် မင်္ဂလာအချိန် နံနက်၉နာရီ ၁၅မိနစ်တွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးတို့သည် ရွှေညောင်-တောင်ကြီး- ဆိုက်ခေါင်-နမ့်စန်-မိုးနဲ ရထားလမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးရာ ဖွင့်ပွဲတက်ရောက်လာသူ ဒေသခံတိုင်းရင်းသား ခုနစ်သောင်းကျော်တို့၏ ရွှင်ပျော်ညီးညံ့ လက်ခုပ်သံ နဘံမြည်ဟိန်းသွားလေ၏။

မကြာမီအချိန်အတွင်း လွိုင်လင်ခရိုင်ဘက်ခြမ်း နမ့်စန်ဘူတာ မင်္ဂလာမုခ်ဦးမှ ရထားစတင်ထွက်ခွာသောအခါ ရထားစီးခရီးသည် တိုင်းရင်းသားပေါင်းစုံတို့က မင်္ဂလာမဏ္ဍပ်အတွင်း၌ ရှိနေကြသော နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအပါအဝင် ရထားလမ်းဘေး ဝဲယာရှိ သွေးချင်းများအား ရထားပြတင်းပေါက်မှ အပြုံးပွင့်တစ်ရာ အပြုံးလက် ဘယ်-ညာတို့ဖြင့် လှုပ်ခါဝှေ့ယမ်းဝမ်းပန်းတသာ နှုတ်ဆက်သွားကြပြီးသော် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်တို့သည် ရထားလမ်းအခြေအနေကို ရဟတ်ယာဉ်ဖြင့် ကောင်းကင်မှ ခြုံငုံကာ လှည့်လည်ကြည့်ရှုစစ်ဆေးကြရင်း တောင်ကြီးခရိုင် ဆိုက်ခေါင်ဘူတာသို့ ဆိုက်ရောက်ကြပြီး ဆိုက်ခေါင်ဘူတာရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပသည့် တောင်ကြီးခရိုင်ဘက်ခြမ်း ရထားလမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြလေ၏။

(ဃ)

၂၀၀၆ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် လွိုင်လင်ခရိုင်ဘက်ခြမ်း၌ရော တောင်ကြီးခရိုင်ဘက်ခြမ်း၌ပါ ဖွင့်လှစ်လိုက်သည့် ရွှေညောင်-တောင်ကြီး- ဆိုက်ခေါင်-နမ့်စန်-မိုးနဲရထားလမ်းမကြီးတည်းဟူသော ပုံဆောင်ခဲ မျက်နှာပြင်ဝယ် ပြက်ပြက်ထင်လဲ့လဲ့ဝင့်နေသည့် ဝိသေသဂုဏ်ရည်များကို ဤသို့မြင်နေရ၏။

တပ်မတော်အစိုးရ၏ စေတနာ

ခရိုင်ချင်းဆက်ရထားလမ်း ပေါက်ရုံမျှဆိုလျှင် တောင်ကြီး-လွိုင်လင်-နမ့်စန်လမ်းကို ရွေးချယ်ဖောက်လုပ်နိုင်၏။ လွန်းထိုးရထား လမ်းများ ဖောက်ရုံသာဖြစ်၏။ လမ်းတို၏။ ငွေကုန်ကြေးကျမများ။

သို့သော် တပ်မတော်အစိုးရ၏ စေတနာက နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လမ်းညွှန်မှုအတိုင်း ကျေးရွာများအထိ ရထားလမ်းပေါက်ရေး၊ ကျေးလက်ပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်သောကြောင့် ယခင်လူသွားလမ်း၊ ထော်လာဂျီလမ်းမျှသာရှိခဲ့သဖြင့် ဖွံ့ဖြိုးမှုနောက်ကျကျန်နေခဲ့သည့် တောင်ကြီးခရိုင်တောင်ဘက်ခြမ်းနှင့် လွိုင်လင်ခရိုင် တောင်ဘက်ခြမ်းရှိ ကျေးရွာများသို့ အရောက်ရထားလမ်းပေါက်သွားအောင် ယခုကဲ့သို့ ခက်ခက်ခဲခဲအချိန်၊ ဘဏ္ဍာ၊ လုပ်အား အကုန်အကျများစွာခံကာ ကျားကုတ်ကျားခဲ ဖောက်လုပ်ပေးခဲ့ခြင်းဖြစ်၏။

ဖောက်လုပ်ဆဲ ကာလများတစ်လျှောက် ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးကိုယ်တိုင် ကွင်းဆင်းစစ်ဆေးအားပေးခြင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်ကိုယ်တိုင် ကွင်းဆင်းကြည့်ရှုအားပေးခြင်းတို့က တပ်မတော်အစိုးရ၏ စေတနာမှန်ကို ထင်ဟပ်စေလျက်ရှိ၏။ ထို့ကြောင့် တပ်မတော်အစိုးရ၏ စေတနာမှန်သည် ဤပြည်ထောင်စုရထားလမ်းမကြီးနှင့်အတူ ကမ္ဘာတည်သရွေ့ တည်နေတော့မည်ဖြစ်၏။

တပ်မတော်သားတို့၏ စွမ်းအား

အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်လက်အောက်ခံ တပ်မ၊ လွိုင်လင် တပ်နယ် တပ်ရင်း၊ တပ်ဖွဲ့တပ်မတော်သားများအနေဖြင့် အထူးစစ်ဆင်ရေး တစ်ရပ်အသွင် ကြယ်မြင်လမြင် ညပင်မနား၊ မိုးသည်းသည်းမှာ ချွေးရွှဲသည်အထိ၊ နှင်းမှုန်ထဲမှာ ချွေးရွှဲသည်အထိ ဝီရိယဥဿာဟတို့ဖြင့် တက်ကြွစွာ လုပ်အားပေးခဲ့ကြ၏။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ထောက်ပံ့အား

စက်ယန္တရားကြီးငယ်မျိုးစုံကို အသုံးပြုရခြင်း၊ ယမ်းမျိုးစုံအသုံးပြုရခြင်း၊ အများဆုံးခွင့်ပြု ရထားလမ်းဆင်ခြေလျှော ၁အချိုး ၈၀၊ အများဆုံး ခွင့်ပြု ရထားလမ်းအကွေ့ ၁၁ဒသမ၆၅ဒီဂရီ စံမီဖောက်လုပ်ရခြင်း၊ အချို့နေရာများ၌ ဂငယ်ကွေ့ သုံးထပ်ကွေ့အထိဖောက်လုပ်ရခြင်း၊ ပွန်ချောင်းတံတားကြီး တည်ဆောက်ရခြင်း စသည့်ဖောက်လုပ်ဆဲကာလတစ်လျှောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်တိုင် မကြာခဏ ကွင်းဆင်းစစ်ဆေးကြီးကြပ်မှု၊ ဘဏ္ဍာငွေကြေး၊ စက်ယန္တရား၊ စက်သုံးဆီ၊ ဘိလပ်မြေစသည်တို့ကို လိုအပ်သလို ဖြည့်ဆည်းပေးမှု၊ မြန်မာ့မီးရထားမှအင်ဂျင်နီယာများ၊ ပညာရှင်များ၊ လုပ်သားများက အင်ပြည့်အားပြည့် ဆောင်ရွက်မှု၊ တပ်မတော်သားတို့နှင့် ဦးထမ်းပဲ့ထမ်း ကြိုးပမ်းမှုတို့ကလည်း ပုံဆောင်ခဲမျက်နှာပြင် ဂုဏ်ရည်များဖြစ်၏။

သို့ဖြင့် **တိုင်းရင်းသားပြည်သူ ခုနစ်သိန်းခန့်တို့၏ လူမှုဘဝ၊ လူမှုစီးပွားဘဝ ကြွကြွမြင့်မားလာစေဖို့ မိုင်အားဖြင့် ၁၉၇မိုင်ကျော် ရှည်လျားသော ရထားလမ်းပေါ်မှ ရထားကြီးသည် တိုင်းရင်းသားအချင်းချင်း ရင်းရင်းနှီးနှီး ဆုံစည်းမြင်တွေ့ ကြည်မွေ့သာယာစေကာ မေတ္တာနွေးထွေး ချစ်ကြည်ရေးကို ဆောင်ကြဉ်းပေးနေပြီ** ဖြစ်ပါသတည်း။ ။

The Commerce Journal အတွဲ (၆)၊ အမှတ်(၄) ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

The Commerce Journal အတွဲ (၆)၊ အမှတ်(၄)ကို ယနေ့ဖြန့်ချိလိုက်သည်။ အဆိုပါဂျာနယ်တွင် တရုတ်နဲ့ သူငယ်ချင်းလုပ်နေတယ်(မောင်စူးစမ်း)၊ မိုးစာငါးပိ(ကျွန်းသားငမန်း)၊ G.M နည်းပညာနှင့် သီးနှံရိက္ခာ(မောင်ပုဆိုးကြမ်း)၊ မြန်မာနိုင်ငံသားများဘဏ် (ဟန်မင်းဆက်)၊ ထိပ်တန်းဖက်ရှင်ဒီဇိုင်နာ ဗီရာဝမ်း(ကြည့်ရှုန်း)၊ ၂၀၀၆ ပဲရောင်းဝယ်သူတွေဆုံတဲ့ပွဲ၊ မြန်မာထရိတ်နက်ဒေါ့ကွမ်းလာပြီ၊ နေရေးစားရေးအတွက် ကြက်ဆူဆီမီးဖို၊ ဩဂဲနစ်ဂျင်းဂျာမနီဝယ်လို၊ အဝယ်လိုက်ဇာတိပ္ပလ်သီး(သိန်းမြသိန်း)၊ ဖက်ရှင်လောကထဲ ကိုရီးယားထိုးထွင်းဝင်မှု၊ ရွှေစိမ်း၊ ငရုတ်ကောင်း၊ ဘာရစ်တနီဘယ်လိုစီးပွားဖြစ်သလဲ၊ ပြုံးအလှပိုင်ရှင်စသည့် သုတ၊ ရသ၊ ဆောင်းပါးများအပြင် နယ်စပ်ကုန်သွယ်ရေးသတင်း၊ ဆရာစံဇာဏီဘိုရဲ့ဗေဒင်၊ ပို့ကုန်အခြေခံဈေးနှုန်း၊ ဟာသများဖြင့် ဝေဝေဆာဆာဖော်ပြထားပြီး အမှတ် (၃၈)၊ လမ်း (၃၀)၊ ပန်းဘဲတန်းမြို့နယ်မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်စက်မှုတက္ကသိုလ် (၁၉၆၉-၁၉၇၅) မြို့ပြအင်ဂျင်နီယာ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၁ရက်က ရန်ကုန်တက္ကသိုလ်များခမ်းမရုံ၌ကျင်းပရာ ဆရာကြီးများကို ကျောင်းသား၊ ကျောင်းသူများက ကန်တော့ခံပစ္စည်းများ ပေးအပ်ကန်တော့ကြစဉ်။ (က-ပ)

ဆည်ရေဖြင့် နွေစပါးစိုက်ပျိုးမှု ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ကြည့်ရှု ကွန်ချောင်း(၂)နှင့် မဒေးရေလှောင်တမံစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဖေဖော်ဝါရီ ၄ ရက်တွင် ဧရာဝတီတိုင်း ကြံခင်းမြို့နယ် ဘက်ရဲတစ်ဝိုက်ရှိ နွေစပါးဧက ၄၀၀ ကျော်ကို ကွန်ချောင်းရေလှောင်တမံ ဆည်ရေဖြင့်စိုက်ပျိုးထားရှိမှုကိုကြည့်ရှုပြီး တောင်သူလယ်သမားများ၊ ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ ပန်းတိုင်အထွက်နှုန်းရရှိရေးကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ကွန်ချောင်းရေလှောင်တမံ ပင်မတူးမြောင်းတစ်လျှောက်တွင် ဆည်ရေပေးမှု၊ ရေချအဆောက်အအုံများနှင့် နွေစပါးစိုက်ရန် လယ်ကွက်တွင်းသို့ ရေသွင်းမှု၊ ထွန်ယက်မြေပြုပြင်မှုနှင့် စိုက်ပျိုးပြီး နွေစပါးခင်းတို့ကို ကြည့်ရှုသည်။

ပင်မတူးမြောင်းသည် ၂၃၁၁မ ၅မိုင်အရှည်ရှိပြီး ရေချအဆောက်အအုံ ၂၀၊ တူးမြောင်း အဆောက်အအုံ ၆၃၅ခုနှင့် လက်တံမြောင်းခွဲ ၁၅ခု ပါရှိပြီး ကြံခင်းမြို့နယ်နှင့် မြန်အောင်မြို့နယ်တို့ကို ရေပေးဝေလျက်ရှိသည်။ ကြံခင်းမြို့နယ်၌ ဧက ၃၀၀၀ကျော်နှင့် မြန်အောင်မြို့နယ်၌ ဧက ၃၀၀၀ကျော် နွေစပါးစိုက်ပျိုးပြီးဖြစ်ရာ ကြံခင်းမြို့နယ်၌ ဧက ၄၀၀၀ကျော် ထပ်မံစိုက်ပျိုးလျက်ရှိကြောင်း သိရှိရသည်။

ကွန်ချောင်း(၂)

ယင်းနောက် ဝန်ကြီးသည် ကြံခင်းမြို့နယ် တပ်ကုန်းကျေးရွာအနီးရှိ ကွန်ချောင်း(၂) ရေလှောင်တမံသို့ ရောက်ရှိ၍ ဆည်ရေသိုလှောင်မှုကို ကြည့်ရှုပြီး ရှင်းလင်းဆောင်၌ တိုင်း၊ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းမှုကော်မတီများက နွေစပါးစိုက်ပျိုးရေးရရှိမှုနှင့် စိုက်ပျိုးမှုအခြေအနေတို့ကို တင်ပြကြသည်။

ထို့နောက် ဝန်ကြီးက ဤဒေသ၌ ယခင်ကနွေစပါးစိုက်ပျိုးနိုင်ခြင်းမရှိဘဲ မိုးစပါးတစ်သီးစိုက်ပျိုးရာမှ ယခုအခါ စိုက်ပျိုးရေဖူလုံစွာရရှိခဲ့၍ နွေစပါးတစ်သီးဖြင့် တစ်နှစ် နှစ်သီးစိုက်ပျိုးနိုင်ကြောင်း၊ တချို့ဆိုလျှင် တစ်နှစ်သုံးသီးရရှိနေကြောင်း၊ အချိန်မီစိုက်ပျိုးနိုင်ရေး ပန်းတိုင်အထွက်နှုန်းရရှိရေး၊ စိုက်စရိတ်ကျဆင်းရေးနှင့် လေလွင့်ဆုံးရှုံးမှု နည်းပါးရေးအတွက် ဆောင်ရွက်ကြရန် မှာကြားသည်။

မဒေး

ထိုမှတစ်ဆင့် ဝန်ကြီးသည် မကွေးတိုင်း ကံမမြို့နယ်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂)က တည်ဆောက်နေသည့်မဒေးရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူး ဦးတင်မောင်အုန်းက ကုန်းကြောတမံပြီးစီးမှု၊ ရေထိန်းမျှော်စင်ပြီးစီးမှုနှင့် ရေပိုလွှဲအောက်ခြေပိုင်း ကွန်ကရစ်လောင်းရန် ပြင်ဆင်မှု၊ ပင်မတမံတွင် ချောင်းပိုင်းမြေဖို့ရန်ကျန်ရှိသည့်အပိုင်း၌ ပြီးစီးအောင်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြပြီး ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက တမံချောင်းပိုင်း ပိတ်ပြီးပါက ရေစတင်သိုလှောင်မည့် အစီအစဉ်နှင့် လျှပ်စစ်မီးအငယ်စားရရှိရန် ရေထုတ်ပြွန်တွင်အချင်း ၂၄လက်မ သံပိုက်တပ်ဆင်မှုတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးအား တည်ဆောက်ရေး(၂) ညွှန်ကြားရေးမှူးက တည်ဆောက်ဆဲ ကာလတွင်ပင် မဒေးရေလှောင်တမံမှ နွေစပါးရေပေး၍ ဧက၂၀၀၀ စိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်စိုက်ပျိုးမှုကို လည်းကောင်း၊ ဂမုန်း၊ မင်းလှနှင့် ခဝါ ရေလှောင်တမံများ၏ ဆည်ရေသောက်စနစ်တွင် နှစ်အလိုက်ဆည်ရေပေးမှုနှင့် နွေစပါးစိုက်ပျိုးမှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် မဒေးရေလှောင်တမံ၏ ပေ၂၀၀အကျယ်ရှိသည့် ဘဲနှုတ်သီးပုံ ရေပိုလွှဲအောက်ခြေ၌ ကွန်ကရစ်လောင်းရန် ပြင်ဆင်မှုလုပ်ငန်းကို လည်း ကောင်း၊ အလျား၄၆၈ပေရှိသည့် ရေထုတ်ပြွန်ပြီးစီးမှုကို လည်းကောင်း၊ တမံအမြင့် ၁၅၅ပေ၊ အလျားပေ ၁၈၂၀ ရှိသည့် ပင်မတမံတွင် ချောင်းပိုင်းနေရာ၌ မြေဖို့၊ မြေသိပ်၊ မြေကြိတ်မှုကို စက်ယန္တရားများဖြင့် စုစည်းလုပ်ကိုင်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ပရိယတ္တိစာမေးပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

လမ်းမတော်မြို့နယ် မြို့နယ်သံဃမဟာနာယကအဖွဲ့က ကြီးမှူး၍ မြို့နယ်ပရိယတ္တိစာမေးပွဲကို သရက်တောကျောင်းတိုက် ပရိယတ္တိအလယ်တိုက်ကျောင်းကြီးတွင် ဖေဖော်ဝါရီ ၂၂ရက်မှ ၂၈ရက်အထိ ကျင်းပမည်ဖြစ်သည်။

စာဖြေသံဃာတော်များအား အအေးဆက်ကပ်ခြင်း၊ စာအောင်ဆုနှင်းခြင်းများအတွက် အလှူဒါန ကုသိုလ်ယူလိုသူများသည် မြို့နယ်ပရိယတ္တိထောက်ပံ့ရေးကော်မတီဥက္ကဋ္ဌ ဦးချစ်အေး ဖုန်း–၂၂၄၆၂၃၊ အတွင်းရေးမှူး ဦးတင်ဆွေအောင် ဖုန်း–၂၂၂၆၃၈ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(၄၃)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ကျင်းပခဲ့သည့် အာဆီယံပဋိညာဉ်စာတမ်းရေးဆွဲရေးဆိုင်ရာ ထင်ပေါ်ကျော်ကြားသည့်ပုဂ္ဂိုလ်များအဖွဲ့၏ ဒုတိယအကြိမ်အစည်းအဝေးသို့တက်ရောက်ခဲ့ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံနယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်းကကြီးမှူး တိုင်းရင်းသားများအား အခမဲ့ဆေးဝါးကုသပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ ဇန်နဝါရီ ၁၅ ရက်မှ ၂၂ ရက်အထိ လားရှိုးမြို့နယ်နှင့် မူဆယ်မြို့နယ်တို့ရှိ ကျေးရွာ ၃၀ ကျော်မှ တိုင်းရင်းသား ၃၅၀၀ ကျော်အား အထွေထွေရောဂါမျိုးစုံ၊ သွားရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါနှင့် မျက်စိရောဂါများကို ကုသပေးခဲ့သည်။ ထို့အပြင် မျက်မှန် လိုအပ်သူများအတွက် မျက်မှန် ၃၅၀ ကျော်အား အခမဲ့ပေးဝေခဲ့သည်။ မျက်စိအသေးစားခွဲစိတ်မှု ၂၈ ဦးနှင့် မျက်ကပ်ကြည် ထည့်ရန်လိုအပ်သည့် လူနာ ၄၅ ဦးတို့ကို အကြီးစားခွဲ စိတ်ကုသပေးခဲ့သည်။

ဆက်လက်၍ မယ်ဟန်ကျေးရွာ၊ နမ့်ဖက်ကာကျေးရွာ၊ နမ့်တောင်ကျေးရွာတို့၌ စာကြည့်တိုက်များအတွက် စာအုပ်စာတမ်းများ၊ ကျောင်းသားများအတွက် စာရေးကိရိယာနှင့်ကိတ်ခြောက်များ၊ နွမ်းပါးသူများအတွက် အဝတ်အစားများနှင့် ခေါက်ဆွဲခြောက်များလှူဒါန်းခဲ့သည်။

အဆိုပါ ခရီးစဉ်တွင် ဆရာဝန်ကြီးပေါင်း ၂၀ ကျော်နှင့် သူနာပြုဆရာမတို့က စေတနာဖြင့် ပါဝင်ကုသခဲ့ကြသည်။

ယင်းခရီးစဉ်တွင် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ လားရှိုး၊ မူဆယ်ဆေးရုံကြီးများ၊ ဒေသခံဆေးရုံများမှ ဆရာဝန်ကြီးများ၊ သူနာပြုဆရာ ဆရာမများက ကူညီပံ့ပိုးဆောင်ရွက်ပေးကြသည်။ (သတင်းစဉ်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၁၃ရက်မှ၁၅ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ကျင်းပခဲ့သည့် အာဆီယံပဋိညာဉ်စာတမ်းရေးဆွဲရေးဆိုင်ရာ ထင်ပေါ်ကျော်ကြားသည့် ပုဂ္ဂိုလ်များအဖွဲ့၏ ဒုတိယအကြိမ် အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ယနေ့ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့–အဖွဲ့ဝင်များ ဖြစ်ကြသော ဦးအောင်မြင့်နှင့် ဦးလှမြင့်ဦး၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေး အဖွဲ့အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာကိုယ်စားလှယ် အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသော နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းသိမ်းနှင့် ဌာနစုမှူး(၁) ဦးအောင်ကျော်မိုးတို့ ပြန်လည် လိုက်ပါလာကြသည်။

(သတင်းစဉ်)

လမ်း(၅၀)ဓမ္မာရုံ မိုးကုတ်ဝိပဿနာတရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၅) ရပ်ကွက်၊ လမ်း(၅၀) အောက်လမ်းသွယ်ရှိ ဓမ္မမာမက ဓမ္မာရုံ၌ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း အင်းစိန်မြို့နယ် မင်းစေတီလမ်း ညောင်ပင်သာကျောင်းတိုက် မိုးကုတ်ဝိပဿနာဓမ္မာရိပ်သာ၏ ပဓာနနာယက နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ အရှင်မာလာစာရ (ဓမ္မာစရိယ) သည် ဖေဖော်ဝါရီ ၁၇ ရက်မှ ၁၉ ရက်အထိ သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ရာ ညစဉ် တရားနာယူနိုင်ကြောင်း သိရသည်။

(က–ပ)

သရုပ်ပြပွဲ ကျင်းပ

ဇန်နဝါရီ ၉ရက်က မော်လမြိုင်ခရိုင် ရေးမြို့နယ် ရေးတပ်နယ်တွင် ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်စိုက်ပျိုးခြင်း သရုပ်ပြပွဲကိုကျင်းပရာ ရေးတပ်နယ်မှ ဗိုလ်မှူးကြီးချိုထွန်းအောင် ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးစဉ်။ (မြို့နယ်၊ပြန်/ဆက်)

ထိန်ငူကြီး–မော်သေး–ကြာအင်းလမ်း ကျောက်ချောခင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသော ထိန်ငူကြီး – မော်သေး–ကြာအင်းလမ်းအား ကျောက်ချောခင်းခြင်း ဆောင်ရွက်ပြီးစီးမှုကို ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်အောင်တို့ ဇန်နဝါရီ ၂၇ ရက်က ကွင်းဆင်းကြီးကြပ်ရာ လုပ်ငန်းတာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ–၂ ဦးမြင့်အောင်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြခဲ့သည်။ **(ယာပုံ)**

(မြို့နယ်စည်ပင်)

တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် ဒေသဖွံ့ဖြိုးရေးလှည့်လည်စစ်ဆေး ကျောက်ဖြူ-ရန်ကုန် မော်တော်ယာဉ်လိုင်းဖွင့်ပွဲ တက်ရောက်အားပေး

ရန်ကုန်　ဖေဖော်ဝါရီ　၁၆

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၆ရက် နံနက်ပိုင်းက ကျောက်ဖြူမြို့သို့သွားရောက်၍ ကျောက်ဖြူ ပညာရေးကောလိပ်စိုက်ကွင်း၌ ကျင်းပသည့် ခြစ်စည်းရိုးကြက်ဆူ စုပေါင်းစိုက်ပျိုးပွဲနှင့် ခြစ်စည်းရိုးကြက်ဆူဆီ အသုံးပြုစက်များ မောင်းနှင်သရုပ်ပြပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးက ကြက်ဆူမျိုးကိုင်းနှင့်မျိုးစေ့များကို ဌာန ဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များသို့ အသီးသီးပေးအပ်ကြပြီး တာဝန်ရှိသူများနှင့်အတူ ကြက်ဆူပင်များ စိုက်ပျိုးပေး၍ တက်ရောက်လာကြသူများ၏ ကြက်ဆူပျိုးကိုင်း ၂၄၀၀ တပျော်တပါး စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။ ကျောက်ဖြူမြို့နယ်တွင် ၂၀၀၆ခုနှစ် ကြက်ဆူပင် ဧက ၁၀၀၀၀ စိုက်ပျိုးမည်ဖြစ်ပြီး ကိုင်းပျိုးပင် ၄၁၀၆၉ ပင်၊ မျိုးစေ့ပျိုးပင် ၁၇၇၅၂ပင် စုစုပေါင်း ပျိုးပင် ၅၆၈၂၁ ပင် ပျိုးထောင်ထားပြီးဖြစ်ကြောင်း။

ဆက်လက်၍ စက်မှုလယ်ယာ ဦးစီးဌာနမှ ကြက်ဆူဆီ အသုံးပြု၍ (၇၅)ကေဗွီအေ မီးစက်၊ စပါးရိတ်စက်၊ လယ်ထွန်စက်၊ စပါးခြွေလှေ့စက်၊ လက်တွန်းထွန်စက်၊ လမ်းကြိတ်စက်များအား လက်တွေ့မောင်းနှင် သရုပ်ပြမှုကို လည်းကောင်း၊ ဆီညှစ်ကိရိယာဖြင့် ကြက်ဆူစေ့များအား ကြက်ဆူဆီထုတ်လုပ်ပုံ သရုပ်ပြသမှုကိုလည်းကောင်း အသီးသီး သရုပ်ပြ ရှင်းလင်းပြသကြရာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။ ဆက်လက်၍ တိုင်းမှူးနှင့် ဧည့်သည်တော်များသည် ပြပွဲတွင် ခင်းကျင်းပြသထားသော စိုက်ပျိုးရေးဆိုင်ရာ ပိုစတာများ၊ ကြက်ဆူကိုင်းပျိုးပင်များနှင့် မျိုးစေ့မျိုးပင်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် ကျောက်ဖြူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ ဝန်ထမ်းများအား တွေ့ဆုံရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်လှိုင်နှင့် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးတင့်တို့က ကျောက်ဖြူခရိုင်နှင့် မြို့နယ်အတွင်း မိုးစပါး၊ နွေစပါး၊ ရော်ဘာ၊ ငရုတ်ကောင်း၊ ကြက်ဆူပင် စိုက်ပျိုးထားရှိမှု အခြေအနေများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး ရှင်းလင်းမှာကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် တိုင်းမှူးသည် ကျောက်ဖြူမြို့ နယ်မြေခံတပ်ရင်း ခြစ်စည်းရိုး ကြက်ဆူပျိုးဥယျာဉ်သို့ သွားရောက်၍ ကြက်ဆူပင်စိုက်ပျိုးရေး ဆွေးနွေးမှာကြားကာ ပျိုးဥယျာဉ်အတွင်း ကြက်ဆူပျိုးကိုင်း ၂၅၀၀၀ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုအားပေး၍ ပျိုးဥယျာဉ်အနီး စိုက်ကွင်း၌စိုက်ပျိုးပြီး ခြစ်စည်းရိုး ကြက်ဆူပင် ၂၀၀၀အား အစိုဓာတ်ရရှိရေး ရေလောင်းဆောင်ရွက်နေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား နှုတ်ဆက်အားပေးသည်။

ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် ကျောက်ဖြူမြို့ အဝေးပြေးယာဉ်ရပ်နားစခန်း၌ ကျင်းပသည့် ခြသေ့်သန်မြန်သူ ကျောက်ဖြူ-တောင်ကုတ်-ပြည်-ရန်ကုန် မော်တော်ယာဉ်လိုင်းသစ်ဖွင့်ပွဲသို့ တက်ရောက်အားပေးရာ ကျောက်ဖြူခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးတင့်က ယာဉ်လိုင်းဖွင့်လှစ်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကျောက်ဖြူမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မြင့်က ဒေသခံပြည်သူများ ကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က မော်တော်ယာဉ်လိုင်းသစ် ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ဧည့်သည်တော်များနှင့်အတူ ခြသေ့်သန်မြန်သူကားများကို အမွှေးနံ့သာဖြင့် ပက်ဖျန်းပေး၍ ခြသေ့်သန်မြန်သူ ယာဉ်များ ကျောက်ဖြူမှ ရန်ကုန်သို့ စတင်ပြေးဆွဲမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းမှူးသည် ကျောက်ဖြူခရိုင် ပြည်သူ့ဆေးရုံ (ခုတင်-၁၀၀)သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောက်ဖြူမြို့ စေတီတောင်ရပ်ကွက်၌ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပသည့် သုမ္မောလမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်အားပေး၍ တိုင်းမှူး၊ ခရိုင်ဥက္ကဋ္ဌနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ လမ်းသစ်ကိုဖြတ်သန်းကြည့်ရှုကြသည်။

ထို့နောက် တိုင်းမှူးသည် ကျောက်ဖြူခရိုင် စည်ပင်သာယာရေးအဖွဲ့ ပျိုးဥယျာဉ်ခြံသို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက်တိုင်းမှူးသည်နယ်မြေခံတပ်ရင်း၊ သတိုးမဟာ ဗန္ဓုလခန်းမ၌ ကျောက်ဖြူ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စိမ်းလဲ့ညို ပျိုးဥယျာဉ်၌ ကျင်းပသော ခြစ်စည်းရိုး ကြက်ဆူစုပေါင်း ပျိုးထောင်ပွဲသို့ တက်ရောက်အားပေးကာ ကြက်ဆူပျိုးကိုင်းများ ပျိုးထောင်စိုက်ပျိုးပေး၍ တက်ရောက်လာကြသူများ၏ ခြစ်စည်းရိုး ကြက်ဆူပျိုးထောင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ပျိုးဥယျာဉ်ခြံအတွင်းရှိ ကြက်ဆူပျိုးကိုင်း ၁၀၀၀၀နှင့် ကြက်ဆူမျိုးစေ့ ၆၀၀၀ ပျိုးထောင်ထားမှုများနှင့် ငရုတ်ကောင်း၊ ကြတ်စနဲ့နှင့် ရော်ဘာပင်များ ပြုစုပျိုးထောင်ထားရှိမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် ကျောက်ဖြူမြို့နယ်၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းတိုးချဲ့ ပညာပေးရေး ရှေ့တန်းစခန်း၊ ရော်ဘာမျိုးဥယျာဉ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး စစ်တောကျေးရွာ သီရိပန် အောင်စေတီတော်သို့ သွားရောက် ဖူးမျှော်ကြည်ညိုကာ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူးသည် နယ်မြေခံတပ်နယ် ပျိုးဥယျာဉ်၌ ကျင်းပသော ခြစ်စည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်အားပေးကာ ကြက်ဆူပင်များ စုပေါင်း စိုက်ပျိုးပေးပြီး ပျိုးဥယျာဉ်အတွင်း ခြစ်စည်းရိုး ကြက်ဆူကိုင်းပျိုး ပင် ၁၀၀၀၀နှင့် ကြက်ဆူမျိုးစေ့ပင်၂၀၀၀၀ ပျိုးထောင်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ရမ်းဗြဲမြို့သို့ သွားရောက်၍ မြို့မအားကစားကွင်း၌ ကျင်းပသည့် ခြစ်စည်းရိုး ကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲနှင့် စက်ယန္တရားများ မောင်းနှင်သရုပ်ပြပွဲသို့ တက်ရောက်အားပေး အမှာစကားပြောကြားကာ တက်ရောက်လာကြသူများနှင့်အတူ ကြက်ဆူမျိုးကိုင်းနှင့် မျိုးစေ့များကို စုပေါင်းစိုက်ပျိုးပေးသည်။

ရမ်းဗြဲမြို့နယ်တွင် ၂၀၀၆ ခုနှစ်အတွင်း ကြက်ဆူပင် ဧက ၂၅၀၀၀ စိုက်ပျိုးသွားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် တက်ရောက်လာကြသူများအား စက်မှုလယ်ယာဦးစီးဌာနမှ ကြက်ဆူဆီကိုအသုံးပြု၍ ကြက်ဆူဆီ မီးဖိုများ၊ မီးစက်၊ လမ်းကြိတ်စက်၊ မြေကော်စက်များအား လက်တွေ့မောင်းနှင် သရုပ်ပြသသည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး အရာတော်မြို့နယ် အိုင်လျှားကျေးရွာ အမှတ်(၇) ရေလှောင်ကန်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

✻ တိုင်းမှူး ဗိုလ်ချုပ်သာအေးမှ

ကြက်ဆူမျိုးစေ့များကို ပျိုးအိတ်များ အတွင်းသို့ ထည့်သွင်းပျိုးထောင်ပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးသည် ယာသမားဘဝမှ လယ်သမားဘဝအဖြစ် စိုက်ပျိုးကြသည့် လယ်သမား ၅၀အား နွေစပါးပျိုးထောင် နည်းပညာပေးသရုပ်ပြပွဲကို ကြည့်ရှုအားပေးပြီး နွေစပါးမျိုးစေ့များကို ကြဲပက်၍ ပျိုးထောင်ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် အရာတော်မြို့နယ် ထန်းတောကုန်းကျေးရွာရှိ ရေလှောင်ကန်တွင်း အမှတ်(၈) နှင့် အုတ်ရှစ်ကြီးကျေးရွာ ရေလှောင်ကန်တွင်း အမှတ် (၆)တို့သို့ရောက်ရှိပြီး ရေထိန်းကန်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အရာတော်မြို့နယ် ထိန်လှကျေးရွာရှိ ရေလှောင်ကန်တွင်း အမှတ် (၅)သို့ ရောက်ရှိ ပြီး ရေလှောင်ကန်တွင်း ရေအားလျှပ်စစ် ဓာတ်အားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျေးရွာ ကြက်ဆူပင်ပျိုးဥယျာဉ်အတွင်းရှိ ခြစ်စည်းရိုး ကြက်ဆူပျိုးပင်များ ရှင်သန်ဖြစ်ထွန်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မကျီးကန်ကျေးရွာ ခြစ်စည်းရိုး ကြက်ဆူပျိုးဥယျာဉ်အတွင်း ကြက်ဆူပျိုးပင် ၁၅၀၀၀ ရှင်သန်ဖြစ်ထွန်းမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြ

ရန်ကုန်　ဖေဖော်ဝါရီ　၁၆

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မီးဘေးအန္တရာယ် တားဆီးကာကွယ်ရေး ရှင်းလင်းဆွေးနွေးပွဲနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းသရုပ်ပြပွဲကို ယနေ့နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ် (၁) အမှတ် (၅၃)ရှိ မြန်မာ့ အလင်းသတင်းစာတိုက် အစည်းအဝေးခန်းမ၌ကျင်းပရာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရုံးချုပ်နှင့် လက်အောက်ရှိ သတင်းစာတိုက်များမှ တာဝန်ရှိသူအင်အား ၁၂၀ တက်ရောက်ကြသည်။

ယင်းအခမ်းအနားတွင် တာမွေမြို့နယ် မီးသတ်တပ်ဖွဲ့ဦးစီးမှူး ရဲသူရိန်သိန်းမြင့်က မီးလောင်မှု အခြေခံအချက်အလက်များ၊ မီးလောင်သည့်အကြောင်းရင်းများ၊ မီးလောင်မှုအတန်းအစားများ၊ မီးဘေးကြိုတင်ကာကွယ်ရန်အချက်များ၊ မီးငြိမ်းသတ်ရေးပစ္စည်းများနှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် မီးလောင်ပါက မီးသတ်ဆေးဘူးဖြင့် လက်တွေ့ငြိမ်းသတ်မှုသရုပ်ပြသပြီး ဝန်ထမ်းများက မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်း ပါဝင်ဆောင်ရွက်ကြသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မီးဘေးအန္တရာယ်တားဆီးကာကွယ်ရေး ရှင်းလင်းဆွေးနွေးပွဲနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြပွဲတွင် တာမွေမြို့နယ် မီးသတ်တပ်ဖွဲ့ဦးစီးမှူး ရဲသူရိန်သိန်းမြင့်က မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ရေးအတွက် ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၇-၂-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀　၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၁၅　၂။ **တိပိဋကဓရ၊ဓမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါကသန္တိပါဠိတော်**
၇း၂၅　၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀　၄။ နံနက်ခင်းသတင်း
၇း၄၀　၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀　၆။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈း၀၀　၇။ အတီးပြိုင်ပွဲ
၈း၀၅　၈။ ကြေးမုံရိပ်သွင်တေးနှယဉ်
၈း၁၅　၉။ အကပြိုင်ပွဲ
၈း၂၅　၁၀။ စွန်ချောင်းရေလှောင်တမံ
၈း၃၀　၁၁။ International News.
၈း၄၅　၁၂။ English for Everyday Use.
၉း၀၀　၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀　၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅　၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀　၃။ တေးဂီတအစီအစဉ်
၄း၄၀　၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ-တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၄း၅၅။　၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅း၁၀　၆။ အကပြိုင်ပွဲ
၅း၁၅　၇။ တေးဂီတအစီအစဉ်
၅း၂၅　၈။ အတီးပြိုင်ပွဲ
၅း၃၀　၉။ နှောင်းခေတ်တေးပဒေသာ
၅း၄၅　၁၀။ အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့်အနှစ်သာရ(အပိုင်း-၁၈)
၆း၀၀　၁၁။ ညနေခင်းသတင်း
၆း၃၀　၁၂။ မိုးလေဝသအခြေအနေ
၆း၃၅　၁၃။ သုတစုံလင် ရွှေညာဏ်ရှင်
၇း၀၅　၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရောင်စဉ်မေတ္တာ" (အပိုင်း-၆)**
၈း၀၀　၁၅။ ပြည်တွင်းသတင်း
　၁၆။ နိုင်ငံတကာသတင်းများ
　၁၇။ မိုးလေဝသအခြေအနေ
　၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းဆီအိပ်မက်" (အပိုင်း-၈)**
　၁၉။ နောက်တစ်နေ့အစီအစဉ်
　၂၀။ အစီအစဉ်ပြီး၏။

17-2)09.P65　1　1/2/32, 12:53 AM

● **တိုင်းမှူးမှ**

ကြက်ဆူပျိုးပင် စုပေါင်းပျိုးထောင်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ ညွှန်ကြားဆောင်ရွက်ပေးသည်။

အမှာစကားပြောကြား

ထိုမှတစ်ဆင့် တိုင်းမှူးသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်အစည်းဝေးခန်းမ၌ ကျင်းပသော ရှမ်းပြည်နယ်(မြောက်ပိုင်း) ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးနှင့် ထူးချွန်ကျောင်းသားများ ပေါ်ထွန်းလာရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တွဲဖက်ပြည်နယ်ပညာရေးမှူး ဦးမြတ်ထွဋ်က ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးနှင့် ထူးချွန်ကျောင်းသားများ ပေါ်ထွန်းလာရေးအတွက် လုပ်ငန်းဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး မြို့နယ်ပညာရေးမှူးများက မြို့နယ်အလိုက် ဆောင်ရွက်နေမှုများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် တိုင်းမှူးသည် လားရှိုးမြို့ နားဖကျေးရွာအနီးရှိ နှင်းနှင်းခိုင်ကုမ္ပဏီလီမိတက်၏ ကြက်ဆူပင် မျိုးသန့်မျိုးပွား ဧက ၅၀၀ စိုက်ခင်းအခြေအနေကိုလည်းကောင်း၊ တိုင်းစစ်ဌာနချုပ်၏ အမှတ်(၃) ကုန်းမြင့်ယာမြေ ကြက်ဆူပင် မျိုးသန့်မျိုးပွား စံပြဧက ၁၀၀ စိုက်ခင်းသို့လည်းကောင်း၊ ပြည်နယ်ရဲတပ်ဖွဲ့၏ ကြက်ဆူပင် မျိုးသန့်မျိုးပွား စံပြဧက ၁၀ စိုက်ခင်းသို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား ကြက်ဆူပင် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဧရာဝတီတိုင်း သစ်သီးဝလံ ပန်းမန်ပြပွဲပြိုင်ပွဲဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဧရာဝတီတိုင်း သစ်သီးဝလံပန်းမန်ပြပွဲ ပြိုင်ပွဲဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၈ နာရီက ပုသိမ်ကန်သာယာကွင်း၌ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့်ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားပြီး ပြပွဲပြိုင်ပွဲ ဦးစီးကော်မတီ အတွင်းရေးမှူး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးမျိုးဝေက ပြပွဲပြိုင်ပွဲ စည်းမျဉ်းစည်းကမ်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းအုပ်ချုပ်ရေးမှူး ဦးသန်းဝင်းနှင့် မန်နေဂျာ ဦးမျိုးဝေတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးတိုင်းမှူးနှင့် ဇနီး အဖွဲ့ဝင်များသည် ပြပွဲပြိုင်ပွဲဝင် သီးနှံပင်များ၊ သစ်သီးဝလံများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဖွင့်လှစ်ပြသ

အဆိုပါ သစ်သီးဝလံနှင့် ပန်းမန်ပြပွဲ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက်အထိ သုံးရက်ကြာပြသမည်ဖြစ်ပြီး ပြိုင်ပွဲအမျိုးအစား ရှစ်မျိုးဖြင့် ဧရာဝတီတိုင်းအတွင်းရှိမြို့နယ်အသီးသီးက ဝင်ရောက်ယှဉ်ပြိုင်ကြပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းကလည်း စိုက်ပျိုးနည်းပညာပြန့်ပွားရေးအတွက် ပြခန်းဖွင့်လှစ်ပြသလျက်ရှိကြောင်း သိရသည်။

အမှာစကားပြောကြား

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဧရာရွှေဝါခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံမွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ် (ဧရာဝတီတိုင်း) ပဉ္စမအကြိမ်မြောက် နှစ်ပတ်လည် အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသံဒိုင်နှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးလှိုင်မြင့်ဦးတို့က မွေးမြူရေးကဏ္ဍ တိုးတက်မြင့်မားရေး ဆောင်ရွက်မှုအခြေအနေများကို အသီးသီးပြောကြားပြီး မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (ဧရာဝတီတိုင်း) ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက ဧရာဝတီတိုင်း မွေးမြူရေးလုပ်ငန်းနှင့် ပတ်သက်သည့် အစီရင်ခံစာကို ဖတ်ကြားသည်။

ယင်းနောက် တိုင်းမှူးသည် ခန်းမအတွင်း ပြသထားသည့် မွေးမြူရေးဆိုင်ရာ ပြကွက်များနှင့် ပစ္စည်းများကို ကြည့်ရှုအားပေးသည်။ အဆိုပါ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (ဧရာဝတီတိုင်း) ပဉ္စမအကြိမ်မြောက် နှစ်ပတ်လည် အခမ်းအနားသို့ တိုင်းအတွင်းမှ မွေးမြူရေးလုပ်ငန်းရှင်များ တက်ရောက်ကြပြီး မွေးမြူရေးပညာပေး ဆွေးနွေးပွဲနှင့် စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပခဲ့သည်။ (သတင်းစဉ်)

လက်ခံယူ

ရန်ကုန်မြို့ အင်းစိန်မြို့နယ် အောင်ဆန်း စဥ့်ငူရပ်ကွက် ဘူတာရုံလမ်း ဝိဝေကီပရိယတ္တိကျောင်းတိုက်မှ ဥူးယောနက ဓမ္မရက္ခိတက အထွေထွေ ပဒေသာပင်ငွေကျပ်တစ်သိန်းကိုနှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ လာရောက်လှူဒါန်းရာ ဥက္ကဋ္ဌ ဦးမောင်တင် လက်ခံယူစဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၂-၂၀၀၆ (သောကြာနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	Myanmar Video Rhythm
၇:၅၅	တေးဂီတအစီအစဉ်
၈:၀၀	ဉာဏ်ရည်ထက်မြက် သန်စွမ်းစေဖို့မျိုးဆက်သစ်တို့ ရွက်လွှင့်ကြစို့
၈:၂၀	တေးဂီတအစီအစဉ်
၈:၂၅	ပြည်တွင်းသတင်းအကျဉ်း
၈:၃၅	မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများ အကြောင်း သိကောင်းစရာ (အပိုင်း-၂)
၉:၃၀	တေးဂီတအစီအစဉ်
၉:၃၅	ကိုယ်ဝန်ဆောင်မိခင်များနှင့် HIV/AIDS ရောဂါ
၉:၄၀	ဗွီစီဒီမိတ်ဆက် (အလင်္ကာ၏ရွှေသံစဉ်-၁)
၁၀:၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၅	ခံစားရင်းစံစားပါ (ကျော်ရဲအောင်၊ပန်းဖြူ)
၁၀:၄၀	မိုးလေဝသခန့်မှန်းချက်
၁၀:၄၅	ပေါက်တံတား(ရေပြာ) ပေါက်တံတား(အုန်းတော)
၁၀:၅၀	တေးဂီတအစီအစဉ်
၁၀:၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၀	တေးဂီတအစီအစဉ်
၁၁:၀၅	သစ်ခွ
၁၁:၂၀	တေးဂီတအစီအစဉ်
၁၁:၂၅	မြစိမ်းရောင်ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း (ငါးမွေးမြူရေး)
၁၁:၃၀	တေးဂီတအစီအစဉ်
၁၁:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၀	တေးဂီတအစီအစဉ်
၁၁:၄၅	ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ပန်းအလှပြင်ဆင်ခြင်းသင်တန်း
၁၁:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာအစီအစဉ်များကို ည(၂၃:၀၀)နာရီအထိ(၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ရခိုင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ကျန်းမာရေးအသိပညာပေး ဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရခိုင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ကျန်းမာရေး အသိပညာပေး ဟောပြောပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက်တွင် မောင်တောမြို့ သီရိမင်္ဂလာခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဟောပြော

ရှေးဦးစွာ ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းနုက အမှာစကား ပြောကြားပြီး ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝေက မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ မောင်တောခရိုင်ပြည်သူ့ဆေးရုံမှ သားဖွားမီးယပ်အထူးကုဆရာဝန် ဒေါက်တာ အောင်ဇော်ညွန့်က အမျိုးသမီးများနှင့် ကျန်းမာရေးအကြောင်းကိုလည်းကောင်း၊ သမားတော်ကြီး ဒေါက်တာစိုင်းဘုန်းကျော်က အိပ်ချ်အိုင်ဗွီနှင့် အေအိုင်ဒီအက်စ်ရောဂါအကြောင်းကို လည်းကောင်း၊ ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်မြတ်မြတ်မိုးက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၏ ဆောင်ရွက်ချက်များအကြောင်းကိုလည်းကောင်း အသီးသီး ဟောပြောကြသည်။

ပေးအပ်

ယင်းနောက် အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာ ၁၄၄၅ စောင်ကို မောင်တောခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ပြုံးက ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ဝင်းဝင်းနုထံ ပေးအပ်ပြီး ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က မောင်တောမြို့နယ် စေတနာညကျောင်းသို့ လှူဒါန်းသော ဗလာစာအုပ် ဒါဇင် ၁၀၀၀ နှင့် ဘောပင်အချောင်း ၁၀၀၀ တို့ကို ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝေက ပေးအပ်သည်။

ကျင်းပ

ထို့နောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များသည် တောင်ပြိုလက်ဝဲမြို့သို့ သွားရောက်ပြီး အခြေခံပညာအထက်တန်းကျောင်း၌ အသိပညာပေးဟောပြောပွဲများကျင်းပပြီး ကျောင်းသား၊ကျောင်းသူများအတွက် ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၁၀၀၀၊ ဘောပင်အချောင်း ၁၀၀၀ တို့ကို လှူဒါန်းပြီး ဒေသခံ ပြည်သူလူထု၊ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပခဲ့သည်။ (သတင်းစဉ်)

မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းရပ်ကွက် အောင်သုခလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းအား မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်အောင်လွင် စစ်ဆေးရာ မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးသိန်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တောင်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်နှင့် ဟောပြောပွဲအခမ်းအနားကို (၅)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌဦးဌေးဝင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းနွဲ့တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

အလှမွေးငါး မွေးမြူရောင်းချနေသူများ လိုင်စင် လျှောက်ထားရန် နှိုးဆော်

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် ငါးမွေးမြူခြင်းဆိုင်ရာဥပဒေ (ဥပဒေအမှတ်-၂၄/၈၉)နှင့်အညီ နိုင်ငံတော်အတွင်း အလှပြငါးမွေးမြူရေး လုပ်ငန်းအပါအဝင် ငါးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျ စီမံခန့်ခွဲခြင်း၊ မျိုးထိန်းသိမ်းခြင်း၊ ဖွံ့ဖြိုးတိုးတက်လာစေရန် အားပေးကူညီခြင်းတို့ကို စီမံဆောင်ရွက်လျက် ရှိပါသည်။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးမွေးမြူခြင်းဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ငါး/ပုစွန် မွေးမြူခြင်းလိုင်စင်၊ ငါး/ပုစွန် သားဖောက်ထုတ်လုပ်ခြင်း လိုင်စင်၊ အလှပြငါးမွေးမြူခြင်းလိုင်စင်စသည်များကို ထုတ်ပေးလျက်ရှိရာ နိုင်ငံတော်အတွင်း အလှပြငါး မွေးမြူရောင်းချနေသူများသည်လည်း ငါးလုပ်ငန်းဦးစီးဌာနတွင် အလှပြငါးမွေးမြူခြင်း လိုင်စင်လျှောက်ထားရယူရန် လိုအပ်ပါသည်။

ထို့အပြင် အလှပြငါးများ စီးပွားဖြစ်အလို့ငှာ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း ဆောင်ရွက်လိုသူများသည် အလှပြငါးမွေးမြူခြင်းလိုင်စင် ရယူထားရှိရန် လိုအပ်မည်ဖြစ်ပြီး အလှပြငါးမွေးမြူခြင်း လိုင်စင်လက်ဝယ်ရှိသူများကိုသာလျှင် ငါးလုပ်ငန်းဦးစီးဌာနမှ တင်သွင်းခြင်း၊ တင်ပို့ခြင်းတို့ကို စိစစ်ခွင့်ပြု ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

အလှပြငါးမွေးမြူခြင်း လိုင်စင်မရှိဘဲ အလှပြငါး မွေးမြူရောင်းဝယ်ခြင်းလုပ်ငန်းများ လုပ်ကိုင်နေကြောင်း စစ်ဆေးတွေ့ရှိရပါက ငါးမွေးမြူခြင်းဆိုင်ရာဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန

ဆူးလေစေတီတော်ကြီး

ဘက်စုံမွမ်းမံပြုပြင်လည်းတည်ဆောက်ရေးစီမံကိန်း

[illegible]

[illegible]

[illegible]

[illegible]

- [illegible] - ၁၈၅၀၀၀၀/-
- [illegible] - ၂၅၀၀၀၀/-
- [illegible] - ၁၈၀၀၀၀၀/-
- [illegible] - ၁၂၀၀၀၀၀/-
- [illegible] - ၇၅၀၀၀၀/-
- [illegible] - ၁၅၀၀၀၀/-
- [illegible] - ၅၀၀၀၀/-
- [illegible] - ၁၅၀/-

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆင္ဒအစည်းအဝေးနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲတွင် ဆွမ်းဆက်ကပ်လှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ပဥ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆင္ဒအစည်းအဝေးနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ၁၃၆၇ ခုနှစ် တပေါင်းလဆန်း ၁၁ရက်မှ တပေါင်းလပြည့်နေ့အထိ (မတ် ၉ ရက်မှ ၁၃ရက်)အထိ ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အစည်းအဝေးနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ ပရဒေသီ ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် ဘွဲ့တံဆိပ်တော် ခံယူတော်မူကြမည့် ဆရာတော်ကြီးများ၊ အထူးပင့် တိပိဋကရေ တိပိဋကကောဝိဒ ဆရာတော်ကြီးများ၊ ပဏ္ဍာသမဏ သံဃာတော်များ စုစုပေါင်းဆရာတော် သံဃာတော်အပါး ၉၈၀ ခန့် ကြွရောက်တော်မူကြမည်ဖြစ်သည်။

ယင်းဆရာတော်ကြီးများအား ဆွမ်းကွမ်းနှင့် အချိုရည် ဆက်ကပ်လှူဒါန်းလိုကြသော အလှူရှင်များသည် သံဃာတော်တစ်ပါးလျှင် တစ်နေ့တာ ငွေကျပ်၁၅၀၀နှုန်းဖြင့် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဥတ္တရဂုရု ကျောင်းဆောင်ရှိ ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့ ဖုန်း ၆၆၀၇၆၆၊ ၆၆၀၉၉၈၊ ၆၆၀၁၄၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

❍ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်မှ

ယာယီ ပျိုးဥယျာဉ်ခြံစည်းရိုးကြက်ဆူမျိုးစေ့ပျိုးပင် ၄၀၀၀၀ပျိုးထောင်ထားရှိမှုများကိုကြည့်ရှုစစ်ဆေးရာ ပြည်နယ်မန်နေဂျာ ဦးစိန်ဝင်းက ကြက်ဆူပင်စိုက်ပျိုးနည်းစနစ်များ ဖြစ်ထွန်းအောင်မြင်ရေးအတွက် လိုအပ်သည်များ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တိုင်းမှူးသည် သံဖြူဇရပ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ခြံစည်းရိုးကြက်ဆူပင် ၅၀၀၀၀ပျိုးထောင်ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့အောင်သာယာ စိုက်ပျိုးရေးခြံ၌ ခြံစည်းရိုးကြက်ဆူမျိုးစေ့ပျိုးပင်၂၀၀၀၀ နှင့် ရော်ဘာပျိုးပင် ၂၀၀၀၀ ပျိုးထောင်စိုက်ပျိုးထားရှိမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝင်းဖန့်ရေလှောင်တမံ

ထိုမှတစ်ဆင့်တိုင်းမှူးသည် မုဒုံမြို့နယ် ဝင်းဖန့်ရေလှောင်တမံသို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် ဆည်မြောင်းဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်ဝင်းက ဝင်းဖန့်ရေလှောင်တမံ စီမံကိန်းဆိုင်ရာနှင့်ဆည်ရေသောက်စနစ် စိုက်ပျိုးရေပေးဝေမှု၊ နွေစပါးစိုက်ပျိုးရန်ရေပေးဝေမှု အခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝင်းဖန့်ရေလှောင်တမံ ရေထိန်းသိမ်းဆောင်ရွက်ထားရှိမှု၊ ရေထုတ်မြောင်းမကြီးမှ လယ်ယာမြေများသို့ စိုက်ပျိုးရေပေးဝေနေမှု၊ ဆည်မြောင်းဦးစီးဌာနမှ စက်ယန္တရားများဖြင့် တူးမြောင်းများဖောက်လုပ်ဆောင်ရွက်နေမှုများနှင့် လက်တံတူးမြောင်းမှ လယ်မြေဧက ၄၀၀၀ ကျော်ကို ရေပေးဝေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကမာဝက်ရေထိန်းတံခါး

ယင်းနောက် တိုင်းမှူးသည် ဆည်မြောင်းဦးစီးဌာနက တာဝန်ယူဆောက်လုပ်လျက်ရှိသည့် ကမာဝက် ရေထိန်းတံခါးတည်ဆောက်ခြင်းလုပ်ငန်းသို့ ရောက်ရှိကြည့်ရှုစစ်ဆေးရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်ဝင်းက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးကလိုအပ်သည်များ မှာကြားသည်။ ကမာဝက်ရေထိန်းတံခါးသည် မုဒုံမြို့ ကမာဝက်ချောင်းတွင်တည်ရှိပြီး ရေထိန်းတံခါးအရှည်မှာ ပေ ၉၀၊ အမြင့် ၁၅ ပေ၊ ရေလှောင်ပမာဏ ၄၆၅ ဧကပေရှိ၍ အရှည်ခြောက်ပေရှိ ရေတံခါးရှစ်ပေါက်ဖြင့် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် မုဒုံမြို့ ဗဟိုစိုက်ပျိုးရေးခြံ၌ ဆင်းရွှေလီမျိုးစပါးနှင့် ဆင်းသွယ်လတ်မျိုးစပါး ၁၅ ဧက စံပြစိုက်ကွင်းနှင့် လယ်ကန်သင်းရိုးတွင် ကြက်ဆူပင်များ စိုက်ပျိုးထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့် မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပန်းဥယျာဉ်တွင် ခြံစည်းရိုးကြက်ဆူပင် ၃၀၀၀၀ ပျိုးထောင်ထားမှုကို ဇန်နဝါရီ ၃၀ရက်က ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ပြည်ထောင်စုနေ့ဂုဏ်ပြု လမ်းသစ်ဖွင့်ပွဲများကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် နမ္မတူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော ပန်ဟိုက်ရပ် ချယ်ရီလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ရက်တွင် ကျင်းပသည်။

အဆိုပါ ချယ်ရီကတ္တရာလမ်းသစ်သည် အရှည်ပေ ၇၃၀၊ အကျယ် ၁၂ပေရှိသည်။

အလားတူ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မူဆယ်မြို့ ဟိုနားရပ်ကွက် ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ရက်တွင် ဟိုနားရပ်ကွက်၌ ကျင်းပရာ မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးရဲလင်းဦးနှင့် မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးရန်နိုင်တို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကတ္တရာလမ်းသစ် ပထမပိုင်းမှာ ရွှေပြည်သာမြို့သစ် တံတားမှ ဟိုနားရပ်ကွက်မြို့ပတ်လမ်းအထိအရှည်ပေ ၂၆၀၀၊ အကျယ်၁၂ပေရှိပြီး ဒုတိယအပိုင်းမှာ ရွှေပြည်သာတံတားမှ မြို့ပတ်လမ်းဟောင်းအထိ အရှည်ပေ ၁၀၀၀၊ အကျယ် ၁၀ပေရှိသည်။

ထို့အတူ(၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်း ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သည့် ဇလွန်-ကော့ကပ်ကျေးလက် ကျောက်ချောလမ်းသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ရက်တွင် ကော့ကပ်ကျေးရွာ၌ ကျင်းပသည်။

အဆိုပါ ကျေးလက်ကျောက်ချောလမ်းမှာ အရှည်ပေ ၃၀၀၊ အကျယ် ၁၀ပေရှိသည်။

(သတင်းစဉ်)

❐ မြန်မာလိုက်မှ

သွင်းယူပေးခဲ့၍ စီးပွား/ကူးသန်းအသင်းအနိုင်ရရှိသွားခြင်းဖြစ်သည်။

ယနေ့ပွဲ

ညနေ ၃နာရီခွဲ

(သုဝဏ္ဏကွင်း)

တပ်မတော်ကြည်း(က)နှင့်

ရထားပို့ဆောင်ရေး

(အောင်ဆန်းကွင်း)

လယ်/ဆည်နှင့် စွန်ရဲ

(ကြေးမုံ)

၂၀၀၄-၂၀၀၅ ပညာသင်နှစ်အမှတ်(၂၂) အခြေခံပညာမူလ တန်းကျောင်း ဒဂုံ မြို့သစ်(မြောက် ပိုင်း) ပညာရည် ဘက်စုံထူးချွန်ဆု ပေးပွဲတွင် စတုတ္ထတန်းမှ ဘာသာစုံ ပထမဆုရရှိသော ကျောင်းသူ မချစ်ဆုဟိန်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်အုန်းမြင့် ဆုချီးမြှင့်စဉ်။ (ပညာရေး)

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ နောက်ဆုံးနေ့အဖြစ်ပြသ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

၂၀၀၆ခုနှစ်(၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ ပြပွဲခင်းကျင်းပြသရေး ဆပ်ကော်မတီကကြီးမှူး၍ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲကို ယနေ့နံနက် ၉နာရီမှညနေ ၅နာရီအထိရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ နောက်ဆုံးနေ့အဖြစ် ဆက်လက်ခင်းကျင်းပြသရာ ရပ်ကွက်ရှင်လူပြည်သူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာကြသည်။

ခင်းကျင်းပြသ

ပြပွဲတွင် သတ္တုတွင်းဝန်ကြီးဌာနပြခန်း၌ “မြေလွှာကိုဖွင့်ပြည်ကိုမြှင့်အံ့”၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ အမှတ်(၃) သတ္တုတွင်းလုပ်ငန်း၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းနှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတို့ကို ရုပ်ပုံကားချပ်၊ ဓာတ်ပုံ၊ မြေပုံများဖြင့် စနစ်တကျခင်းကျင်း ပြသထားသည်။

ရှမ်းပြည်နယ်ပြခန်း

ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ ရိုးရာဓလေ့ယဉ်ကျေးမှုပြကွက်တွင် ရှမ်းပြည်နယ်ပြခန်း၌ တိုင်းရင်းသားများ၏ ရိုးရာဓလေ့ပွဲတော်များ၊ ရှမ်းပြည်နယ် လူမျိုးအလိုက်ခန့်မှန်းဦးရေ၊ ရှမ်းပြည်နယ် သဘာဝအလှရှုခင်း၊ ရှမ်းတိုင်းရင်းသား ရိုးရာဓလေ့ပွဲတော်များနှင့် ရှမ်းတိုင်းရင်းသားစကားပုံများကို ဓာတ်ပုံ၊ မြေပုံများဖြင့် စနစ်တကျပြသထားသည်။

ယှဉ်ပြိုင်

ထို့အပြင် ကျောင်းသား၊ ကျောင်းသူများအတွက် ကွန်ပျူတာဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ကျင်းပပေးလျက်ရှိပြီး အမှတ်(၃)အခြေခံပညာဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် Soft Guide Computer Co. Ltd ၏အစီအစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူများ အင်္ဂလိပ်ဘာသာအမေးအဖြေ လေ့ကျင့်ဖြေဆိုယှဉ်ပြိုင်ကြသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၇-၂-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ လက်စွမ်းပြပဟန်ဂီတသံ
၄:၂၀	၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၀	၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၄၀	၆။ မျိုးချစ်တပ်မတော်
၄:၅၀	၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၄၅	၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။ နိုင်ငံတကာသတင်း
၆:၂၀	၁၁။ မိုးလေဝသသတင်း
၆:၂၅	၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၃။ **ကာတွန်းအစီအစဉ် “ပါကျဲ” (အပိုင်း-၁၁)**
၆:၄၀	၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “နန်းတွင်းရတနာ” (အပိုင်း-၁၂)**
၈:၀၀	၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။ စိုက်ပျိုးသုတ
	၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “တရားစီရင်ထုံး” (အပိုင်း-၁၁)**
	၂၁။ သင့်အတွက်မနက်ဖြန်
	၂၂။ အပိတ်နှုတ်ဆက်စကား
	၂၃။ ပြီးပါပြီ။

ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းစဉ်ရှင်းလင်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက်၉နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရှိ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ရှင်စောပု ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကား ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာလှမြင့်က ၂၀၀၆ ခုနှစ်အတွင်း ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်နွယ်နီအုန်းက ၂၀၀၅ ခုနှစ် လုပ်ငန်းသုံးသပ်ချက်ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။ (သတင်းစဉ်)

အမှာစကား ပြောကြား

ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းစဉ် ရှင်းလင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မဟာပုဏ္ဏ ရဟန္တာကြေးသွန်းရုပ်တုတော် ဂန္ဓကုဋိတိုက်ဖွင့်ပွဲ ပွင့်ဖြူမြို့နယ်၌ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မကွေးတိုင်း ပွင့်ဖြူမြို့နယ် စန္ဒကူးနံ့သာကျောင်းတော်တွင်းရှိ ဂန္ဓကုဋီတိုက်တွင် သီတင်းသုံးမည့် မဟာပုဏ္ဏရဟန္တာ ကြေးသွန်းရုပ်တုတော်ကြီး ဂန္ဓကုဋီတိုက်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက်က အဆိုပါကျောင်းတော်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ စန္ဒကူးနံ့သာကျောင်းတော်ရာ ဆရာတော် အရှင်ဓမ္မာစာရ (သာသနာ့ဓဇဓမ္မာစရိယ)နှင့် အလှူရှင်မိသားစုများ၊ ဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုကြပြီး ဆရာတော် သံဃာတော်များထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ယင်းနောက် စန္ဒကူးနံ့သာကျောင်းတော်ရာ ဆရာတော်ကြီး လှူဒါန်းသော စန္ဒကူးနံ့သာကျောင်းတော်ရာ သမိုင်းမော်ကွန်းမှတ်တမ်း ကျောက်စာတိုင်ဖွင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပခဲ့သည်။

မဟာပုဏ္ဏရဟန္တာကြေးသွန်းရုပ်တုတော်ကြီးမှာ မကွေးမြို့ဆွမ်းလောင်းဓမ္မာရုံကြီးတွင် လည်းကောင်း၊ စကုမြို့ ရေပုပ်ရွာ ရွှေမြင်တင်ဘုရားအောက်ကျောင်း၊ မန်းရေနံ့မြေ၊ မြစေတီ၊ စကုထေရ်ကြီးဘုရားများတွင် သီတင်းသုံးအပူဇော်ခံပြီးနောက် အဆိုပါဂန္ဓကုဋီတိုက်ကြီး၌ သီတင်းသုံးပူဇော်ခံမည်ဖြစ်ပြီး ၎င်းဂန္ဓကုဋီတိုက်ကြီးအား ကျေးဇူးရှင်ကုံလုံဆရာတော်ကြီးအား အမှူးထား၍ ဖခင်ဦးဟုတ်စွမ်နှင့် သမီး အဂ္ဂမဟာသီရိသုဓမ္မဿီဂီဒေါက်တာခင်ခင်စိမ့်နှင့် သီရိသုဓမ္မဇောတိကဓဇာရေ ဒေါက်တာဝင်းမြင့်တို့ မောင်နှမတစ်စုတို့က ဆောက်လုပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ (ကြေးမုံ)

ရေနံချောင်းမြို့၊ မြို့မမြောက်ရပ်နေ ကွယ်လွန်သူဖခင်ကြီး ဦးလှတင် (ရွှေလဝင်းရောင်းဝယ်ရေး) အား ရည်စူးပြီး ရန်ကုန်မြို့၊ တာမွေမြို့နယ် ကျောက်မြောင်း ဥယျာဉ်လမ်းနေ မိခင်ကြီး ဒေါ်သောင်းသောင်းအား အမှူးထား၍ သမီး ဒေါ်ခင်အေးမြင့်၊ သား ကိုအောင်ကျော်မိုး၊ သမီး မဖြူဖြူနှင်းတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးအတွက် ငွေကျပ် ၁၂၀၀၀၀ကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

သမိုင်းအထူးပြု အာစရိယပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်တက္ကသိုလ် သမိုင်းအထူးပြု ကျောင်းသား၊ ကျောင်းသူဟောင်းများ (၁၉၆၄-၂၀၀၅)ခုနှစ် အာစရိယပူဇော်ပွဲနှင့် ညစာစားပွဲကို ဖေဖော်ဝါရီ ၂၆ရက် နံနက်၈ နာရီခွဲတွင် တက္ကသိုလ်များဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ပြီး မိတ်ဆုံညစာစားပွဲကို ညနေ ၆ နာရီ၌ M-3 Food Centre တွင် ကျင်းပမည်ဖြစ်သည်။ အလှူငွေနှင့် ညစာစားပွဲ လက်မှတ်များကို ဦးဝင်းနိုင် ဖုန်း-၇၂၃၉၅၈၊ ဦးဉာဏ်ဝင်း ဖုန်း-၂၀၃၁၅၄၊ ဦးဝင်းဝင်းကြွယ် ဖုန်း-၅၂၅၂၁၄နှင့် ဦးကျော်ထွန်း ဖုန်း-၀၉၅၀၃၃၂၆တို့ထံ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြော မီးငြိမ်းသတ်မှု လက်တွေ့စုပေါင်းလေ့ကျင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

နိုင်ငံပိုင်စက်ရုံအလုပ်ရုံလုပ်ငန်းဌာနများ မီးဘေးအန္တရာယ်ကင်းဝေးစေရေး လုပ်ငန်းစီမံချက်အရ မန္တလေးတိုင်း မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီအရောင်းဆိုင်(၀၆၃၁)နှင့် မန္တလေး အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်မှု လက်တွေ့စုပေါင်းလေ့ကျင့်ခြင်းကို ဇန်နဝါရီ ၂၁ရက် နံနက်၁၀နာရီက မန္တလေးတောင်ခြေအနီးရှိ အဆိုပါစက်သုံးဆီ အရောင်းဆိုင်၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ အကြီးတန်းမန်နေဂျာ ဦးဆန်းအောင်က ဆီသိုလှောင်ကန်ပတ်လည် အရေးပေါ်ရေဖျန်းစနစ်ဆောင်ရွက်ထားရှိမှု၊ ဆီပန့်တိုင်အနီး မီးသတ်စင်၊သဲအိတ်၊ မီးသတိပြုကြေညာစာတန်းများ၊ မီးသတ်ဆေးဘူးများ စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြပြီး လိုအပ်ချက်များကို မီးသတ်ဦးစီးဌာနမှူးက ဖြည့်စွက်မှာကြားသည်။ ထို့နောက် မီးသတ်ဆေးဘူး၊ မီးသတ်ယာဉ်များဖြင့် အသုံးပြု၍ မီးငြိမ်းသတ်မှုတို့ကို လက်တွေ့စုပေါင်းဆောင်ရွက်ကြသည်။ (မြို့နယ်မီးသတ်)

ကတ္တရာလမ်းသစ်ဖွင့်

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် သီပေါမြို့ အနောက်ရပ်ကွက်ရှိ စံပယ်လမ်း ကတ္တရာလမ်းသစ်ကို ဖေဖော်ဝါရီ ၆ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်နှင့် သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးအောင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

လှူဒါန်း

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်း ဓမ္မစေတီလမ်းနေ ဒေါ်မြမြအုန်း မိသားစုက အလှူငွေကျပ် ၁၅သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂)ရပ်ကွက် သဃ်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ဆောင်းရာသီအိုလံပစ် အမြန်စကိတ်စီးပြိုင်ပွဲ တရုတ်အားကစားမယ် ရွှေတံဆိပ်ရရှိ

တူရင် ဖေဖော်ဝါရီ ၁၆

အီတလီနိုင်ငံ တူရင်မြို့တွင် ကျင်းပလျက်ရှိသော ဆောင်းရာသီ အိုလံပစ်ပွဲတော်၏ အမျိုးသမီး မီတာ ၅၀၀ တာတိုအမြန်စကိတ်စီးပြိုင်ပွဲတွင် တရုတ် နှင်းလျှောစီးအားကစားမယ် ဝမ်မင်းက အနိုင်ရဗိုလ်စွဲကာ တရုတ်ပြည်အတွက် ပထမဆုံးသော ရွှေတံဆိပ်ကို ဗုဒ္ဓဟူးနေ့တွင် ဆွတ်ခူးရရှိလိုက်သည်။

ရှေ့ဆုံးမှပန်းဝင်

အမျိုးသမီး မီတာ ၅၀၀ တာတိုအမြန်စကိတ်စီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ ဝမ်မင်းသည် ကွာတားဖိုင်နယ်အဆင့်၌ အားရဖွယ်အခြေအနေမရှိခဲ့သဖြင့် အကြိုဗိုလ်လုပွဲမကျင်းပမီ မိမိမှာ အလွန်အမင်းစိုးရိမ်ပူပန်ခဲ့ကြောင်း၊ သို့ရာတွင် ဗိုလ်လုပွဲ၌မူ သူမအနေဖြင့် စိတ်ကိုတည်ငြိမ်အောင်ထိန်းရင်း ယှဉ်ပြိုင်ခဲ့ပြီး ရှေ့ဆုံးမှပန်းဝင်လာခဲ့ကြောင်း နည်းပြချုပ် ယီမင်းက ပြောကြားသည်။

ယခုကျင်းပခဲ့သည့်ပွဲတွင် မိမိအနေဖြင့် ရွှေတံဆိပ်ရရှိမည်ဟု မမျှော်လင့်ခဲ့ကြောင်း၊ နောက်ထပ် ရွှေတံဆိပ်များ ရရှိရန် မိမိဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ရွှေတံဆိပ်ဆုရှင် ဝမ်မင်းက ပြောကြားသည်။ ***အင်တာနက်။***

ဆောင်းရာသီအိုလံပစ် အားကစားပွဲတော်တွင် တရုတ်ပြည်အတွက် ပထမဆုံးသော ရွှေတံဆိပ်ကို ဆွတ်ခူးပေးသူ နှင်းလျှောစီးမယ် ဝမ်မင်း အောင်ပွဲခံနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ယူအီးအက်ဖ်အေဖလား ရှုံးထွက်အဆင့် ယှဉ်ပြိုင် အီတလီမှ အေအက်စ် ရိုးမားအသင်း အနိုင်ရ

အောင်ပွဲခံ

အူဒီးနီးစ်အသင်းမှ ရှေ့တန်းတိုက်စစ်မှူး ဘာရက်တို (ယာ)**က လန်းစ်အသင်းဘက်သို့ ဂိုးသွင်းပြီးနောက် အောင်ပွဲခံနေစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

လန်ဒန် ဖေဖော်ဝါရီ ၁၆

ယူအီးအက်ဖ်အေဖလား ရှုံးထွက်အဆင့် ပထမအကျော့ပြိုင်ပွဲအဖြစ် အီတလီ အေအက်စ်ရိုးမားအသင်းနှင့် ဘယ်လ်ဂျီယံ ကလပ်ဘရီအသင်းတို့ ဘယ်လ်ဂျီယံနိုင်ငံ ဘရီမြို့တွင် ဗုဒ္ဓဟူးနေ့က ယှဉ်ပြိုင်ကစားရာ အေအက်စ်ရိုးမားအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ယူအီးအက်ဖ်အေဖလား ရှုံးထွက်အဆင့် ပထမအကျော့ပြိုင်ပွဲတွင် အေအက်စ်ရိုးမားအသင်းမှ ဖီးလစ်မက်ဆက်စ်နှင့် ကလပ်ဘရီအသင်းမှ ဟာဗီးယားပေါ်တီလို(ဝဲ)**တို့ ဘောလုံးယှဉ်လုကြစဉ်။***(ဓာတ်ပုံ-အင်တာနက်)*

ရိုးမားအသင်းမှ ကွင်းလယ်ကစားသမား ဒန်နီယယ်ဒီရော်စီသည် ပွဲချိန် ၂၇ မိနစ်တွင် ကလပ်ဘရီ အသင်းမှ ဘောလုံးသမားတစ်ဦးကို တစ်တောင်ဖြင့် တိုက်သဖြင့် ထုတ်ပယ်ခံခဲ့ရသည်။ သို့ရာတွင် ပထမပိုင်းအတွင်းမှာပင် ကလပ်ဘရီအသင်း နောက်တန်းကစားသမား ဂွန်သာဗာနူဒန်နာဒီက ကိုယ့်ဂိုးကိုယ်သွင်းမိသဖြင့် ရိုးမားအသင်းမှာ အဖွင့်ဂိုးရရှိသွားသည်။

ကလပ်ဘရီအသင်းမှ စပိန်လူမျိုး တိုက်စစ်မှူး ဟာဗီးယား ပေါ်တီလိုသည် ကစားချိန် ၁ နာရီပြည့်မြောက်ချိန်တွင် ချေပဂိုးတစ်ဂိုး ပြန်လည်သွင်းယူနိုင်ခဲ့သည်။ ပေါ်တီလိုသည် ရီးယဲယ်မက်ဒရစ်အသင်းမှ ငှားယူထားသော ဘောလုံးသမားဖြစ်သည်။

ပွဲဦးထွက်နိုင်

ရိုးမားအသင်းသည် ပိုမို၍ ဖိကစားလာခဲ့ပြီး ပွဲချိန် ၇၄ မိနစ်တွင် ဆိုင်မွန် ပါရော့တာ၏ အနီးကပ် ကန်သွင်းမှုဖြင့် ရိုးမားအသင်း အနိုင်ရရှိခဲ့သည်။ ရိုးမားအသင်း၏ စီးရီးအေပြိုင်ဘက် အသင်းတစ်သင်းဖြစ်သော အူဒီးနီးစ်အသင်းမှာလည်း အီတလီနိုင်ငံ အူဒီးမြို့၌ ဗုဒ္ဓဟူးနေ့က ကျင်းပသောပွဲတွင် ပြင်သစ်ကလပ်အသင်း လန်းစ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အူဒီးနီးစ်အသင်း၏ နည်းပြဆရာအသစ် လောရစ် ဒိုးမနစ်ဆီနီမှာ ဥရောပပြိုင်ပွဲတွင် အောင်မြင်မှုဖြင့် ပွဲဦးထွက်နိုင်ခဲ့သည်။

ပြီးခဲ့သည့် ချန်ပီယံလိဂ် ပွဲခြောက်ပွဲတွင် တစ်ဂိုးမျှသာ သွင်းယူနိုင်ခဲ့သော ပြင်သစ်ကလပ်အသင်း လီလီအသင်းသည် ယူကရိန်းကလပ်အသင်း ရှက်တာဒွန်ယက်အသင်းနှင့် ပြင်သစ်နိုင်ငံ လီလီမြို့၌ ယှဉ်ပြိုင်ကစားရာတွင် သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ရှက်တာဒွန်ယက်အသင်း၏ ဂိုးနှစ်ဂိုးကို ပွဲပြီးဆုံးခါနီးတွင် သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ပြည်တွင်း ပြည်ပ
အားကစားသတင်းများ

AIR BAGAN ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ကျင်းပ စိုးကျော်နိုင်က ၂၁၅ ချက်ဖြင့် ဦးဆောင်ယှဉ်ပြိုင်နေ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ Air Bagan Ltd. က အဓိက ကူညီပံ့ပိုးသော ၂၀၀၅-၂၀၀၆ ခုနှစ် Air Bagan မြန်မာ-ပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ သတ္တမပွဲစဉ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် တညင်းကုန်းရှိ ရန်ကုန်ဂေါက်ကလပ်၌ ဆက်လက်ကျင်းပသည်။

airBagan
MYANMAR
GOLF TOUR

တတိယနေ့ ၁၈ကျင်းပြိုင်ပွဲအပြီးတွင် Professional Golfers ပြိုင်ပွဲ၌ စိုးကျော်နိုင် (Srixon) က ၇၃+၇၁+၇၁ ပေါင်း ၂၁၅ချက်ဖြင့် ဦးဆောင် ကစားလျက်ရှိသည်။

Kwanchai Tannin (ထိုင်း)က ၇၆+၆၈+၇၄ ပေါင်း ၂၁၈ချက်ဖြင့် ဒုတိယလိုက်ပြီး အောင်ဝင်း (YC-DC+Srixon) က ၇၃+၇၄+၇၃ ပေါင်း ၂၂၀ ဖြင့် တတိယလိုက်နေသည်။

ဇော်ဇင်ဝင်း (Srixon) ၇၄+၇၆+၇၁ နှင့် ဇော်ဇော်လတ် (Srixon) တို့က ၇၀+၇၃+၇၈ ပေါင်း ၂၂၁ချက်ဖြင့် ပူးတွဲစတုတ္ထလိုက်နေကြသည်။

ဦးဆောင်ကစား

Amateur အဆင့်ပြိုင်ပွဲတွင် အောင်ဝင်း (သစ်တောရေးရာဝန်ကြီးဌာန) က ၇၅+၇၀+၇၄ ပေါင်း ၂၁၉ ချက်ဖြင့် ဦးဆောင် ကစားလျက်ရှိသည်။

နိုင်နိုင်လင်းက ၇၁+၆၉+၈၁ ပေါင်း ၂၂၁ချက်ဖြင့် ဒုတိယလိုက်ပြီး ရန်နိုင်ဖြိုးက ၇၁+၈၀+၇၉ ပေါင်း ၂၂၀ချက်ဖြင့် တတိယလိုက်နေသည်။

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ Air Bagan Ltd. က ဖြစ်ပြီး Official Bank အဖြစ် KBZ Ltd. က ဖြစ်၍ Co-Sponsors များအဖြစ် Myanmar Brewery Ltd.၊ Myanmar Treasure Resort Hotel၊ Aureum Palace Hotel Resort၊ Srixon၊ Ayer Shwe Wah Co., Ltd.၊ Yangon Golf Club၊ Kachin Golfers Group၊ Jade Land Myanmar Co., Ltd.၊ Max Myanmar Co., Ltd. နှင့် London တို့က အသီးသီး ပါဝင်ကူညီကြကာ သတ္တမပွဲစဉ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

ဖေဖော်ဝါရီ ၁၇ရက် နံနက် ၇နာရီခွဲတွင် စတုတ္ထနေ့ ၁၈ကျင်းပြိုင်ပွဲကို ယင်း ဂေါက်ကလပ်၌ပင် ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။
(သတင်းစဉ်)

သုတဘာဏ် စာတမ်းဖတ်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့က သုတဘာဏ်စာတမ်း ဖတ်ပွဲများကို ကျင်းပလျက်ရှိရာ အငြိမ်းစား သံအမတ်ကြီး ဦးသက်ထွန်းက **"အန်ကောဝပ်ခရီး"** စာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ ၂၅ရက် မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန် အဆောက်အအုံဒုတိယထပ်ရှိ ဟောပြောပွဲ ခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နားထောင်နိုင်သည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်သာအေး အရာတော်မြို့နယ် ရေလှောင်ကန်များ ဖွင့်ပွဲ တက်ရောက်အားပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၈ရက်တွင် မုံရွာခရိုင် အရာတော်မြို့နယ် အိုင်လျားကျေးရွာ အမှတ်(၇) ရေလှောင်ကန်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ရေလှောင်ကန်မှ ရေထွက်ရှိမှုအခြေအနေနှင့် ရေထိန်းကန်ကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ ကျေးလက်ဒေသများ၌ မြေအောက်ရေကို အကျိုးရှိရှိ အသုံးချနိုင်ရေး၊ စိုက်ပျိုးမြေဧကများ တိုးပွားလာစေရေးနှင့် တစ်နှစ်ပတ်လုံး သီးထပ်သီးညှပ် စိုက်ပျိုးနိုင်ပြီး ကျေးရွာနေပြည်သူများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် စိုက်ပျိုးရေးကို အထူးအလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ပျိုးထောင်

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အဆိုပါရေလှောင်ကန်၌ ကျင်းပသည့် ခြံစည်းရိုး ကြက်ဆူပင်ပျိုးပွဲတော်အခမ်းအနားသို့ တက်ရောက်၍ ကြက်ဆူမျိုးစေ့နှင့် ကိုင်းတို့ကို ပျိုးထောင်ပေးပြီး လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက

စာမျက်နှာ ၉ ကော်လံ ၅ သို့ ✳

မအေးရေလှောင်တမံ ကြည့်ရှုစစ်ဆေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး မကွေးတိုင်း ကံမမြို့နယ်ရှိ မအေးရေလှောင်တမံ စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း–စာမျက်နှာ–၈)

(လယ်ယာ/ဆည်မြောင်း)

တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် သံဖြူဇရပ် တပ်နယ် ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးမှု ကြည့်ရှု ဝင်းဖနုံ ရေလှောင်တမံ တူးမြောင်းများ ဖောက်လုပ်၊ စိုက်ပျိုးရေပေးဝေနေမှုနှင့် ကမာဝက် ရေထိန်းတံခါး တည်ဆောက်ရေးလုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၃ရက် နံနက် ၈နာရီက သံဖြူဇရပ်မြို့နယ် နယ်မြေခံတပ်သို့ သွားရောက်၍ မျိုးသန့်ရော်ဘာမျိုးပင် ၃၀၀၀၀၀ ပျိုးထောင် ဖြန့်ဖြူးရေး ခြံနှင့်ခြံစည်းရိုး ကြက်ဆူပင် ပျိုးခင်းတွင် ခြံစည်းရိုး ကြက်ဆူမျိုးစေ့ ပျိုးပင် ၉၀၀၀၀ ပျိုးထောင် စိုက်ပျိုးထားရှိမှုအခြေအနေများကိုလှည့်လည် ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းပြည်နယ် မန်နေဂျာ ဦးစိန်ဝင်းက ကြက်ဆူပင် ပျိုးထောင် စိုက်ပျိုးမှုနည်းစနစ်များကို ရှင်းလင်းပြောကြား၍ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး တင်ထွန်းအောင်က ကြက်ဆူပင်ပျိုးခင်းကို လိုက်လံရှင်းလင်းပြသရာ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်က လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးပြီးနောက် မျိုးသန့်ရော်ဘာပျိုးပင်များကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် သံဖြူဇရပ်မြို့နယ် သစ်တောဦးစီးဌာန၊

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❍

ကြေးမုံ The Mirror

ခေါင်းကြီး၊ ဆောင်းပါးအညွှန်း

☆ *ရာသက်ပန် ဥမကွဲသိုက်မပျက် အတူယှဉ်တွဲနေထိုင် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ခိုင်ခိုင်မြဲမြဲ လက်တွဲကြိုးပမ်း*

ခေါင်းကြီး(စာမျက်နှာ–၂)

☆ *ကိုယ့်ရွာမှသူ့ရွာ၊ ကိုယ့်ဘူတာမှ သူ့ဘူတာ၊ ကိုယ့်ဆွေညာနှင့် သူ့ဆွေညာ ရထားပေါ်မှာ ဆုံတွေ့ ကြည်မွေ့သောအပြုံးများနှလုံးသားမေတ္တာဓာတ် တဖျပ်ဖျပ်ရိုက်ခတ်ရင်း သွေးချင်းများ၏ ချစ်ကြည်ရေးကို သယ်ဆောင်ပေးမည့်ရထား မဟုတ်လေလော။*

ရတနာစည်ဆရာတော် (လွိုင်လင်) ၏ **“တိုင်းရင်းသားသွေးချင်းတို့ချစ်ကြည်ရေးဆောင်ကြဉ်းပေးမည့်ရထား”**

ဆောင်းပါး (စာမျက်နှာ–၆)

မြန်မာလိဂ် အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ စီးပွား/ကူးသန်းက ကမ္ဘောဇအသင်းကို အနိုင်ရ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

၂၀၀၅–၂၀၀၆ ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ယနေ့ညနေ ၃နာရီခွဲက ဆက်လက်ကျင်းပရာ စီးပွား/ကူးသန်းအသင်းက ကမ္ဘောဇအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

စီးပွား/ကူးသန်း – တစ်ဂိုး

(မာလ)

ကမ္ဘောဇ – ဂိုးမရှိ

ဒိုင်လူကြီး – ဦးစိုးမိုးကျော်

ကစားကွက်ပျက်

အမာခံကစားသမားများဖြင့် လူစုံပါဝင်သော စီးပွား/ကူးသန်းအသင်းမှာ ခြေစွမ်းပြ မကစားနိုင်သလို ထွန်းမင်းဦး၊ ဟန်ဝင်းအောင် စသည့် အမာခံအချို့မပါဝင်သော ကမ္ဘောဇအသင်းမှာလည်း ကစားကွက်ပျက်နေ၍ ပွဲမှာ အေးနေပြီး စီးပွား/ကူးသန်းအတွက် တစ်လုံးတည်းသော ဂိုးကို ၄၃မိနစ်တွင် မာလက

စာမျက်နှာ ၁၁ ကော်လံ ၃ သို့ ❐

စီးပွား/ကူးသန်း အသင်းအတွက် မာလ သွင်းယူပေးခဲ့သည့်တစ်လုံးတည်းသော အနိုင်ဂိုးကို ကမ္ဘောဇဂိုးသမား မျိုးလွင်ဦး ကြိုးစားကာကွယ်ခဲ့သော်လည်း မမိဘဲ ဂိုးဝင်သွားစဉ်။

(ကြေးမုံ)



ထူးခြားသည့် ညအပူချိန်များ

၁၆–၂–၂၀၀၆

ပင်လောင်း	၃ ဒီဂရီစင်တီဂရိတ်
နမ့်စန်	၄ ဒီဂရီစင်တီဂရိတ်
ဟဲဟိုး	၅ ဒီဂရီစင်တီဂရိတ်